မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၈၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ငွမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလေးအနက်ထားလုပ်ဆောင်နေ

ပြည်သူများ ပါဝင်ကူညီဆောင်ရွက်မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ထိရောက်စွာလုပ်နိုင်မည်

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးမည်ကို သိရှိလက်ခံထားရန်လို

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော် သမ္မတနှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဟင်္သာတမြို့မှ ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

အားပေးစကားပြောကြား

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ငွမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ရေဘေးသင့် ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

28-7 (01).pmd 1 7/28/2011, 2:52 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၂၈ ရက်)

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွဲညီညီဆောင်ရွက်

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံအများအပြား၌ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်းနှင့်အင်အားပြင်းထန်သော ငလျင်ဖြစ်ပေါ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေကြရသည်။ သဘာဝဘေးအန္တရာယ်ဆိုရာတွင် မိုးခေါင်၍ ရေရှားပါးမှု၊ ရေကြီးရေမြုပ်မှုမျိုးများလည်း ပါဝင်ပေသည်။

ယခုရက်ပိုင်းအတွင်း မိုးလေဝသတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေ၊ ဝေနမြစ်ရေ၊ သံလွင်မြစ်ရေ၊ စစ်တောင်းမြစ်ရေနှင့် ပဲခူးမြစ်တို့၏ မြစ်ရေကြီးမှုသတိပေးချက်များ၊ မိုးရေချိန်စံချိန်သစ်များကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ဒေသအချို့၌ ရေကြီးမှုများဖြစ်ပေါ်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်မြေညီထပ်၌ ဖွင့်လှစ်ထားသော အရေးပေါ်ရေဘေး ယာယီကယ်ဆယ်ရေးစခန်းသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇူလိုင်လ ၂၆ ရက်နေ့က ရောက်ရှိခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကားများပြောကြားခဲ့သည်။

ရေဘေးသင့်ပြည်သူများသည် နေရေး၊ ထိုင်ရေးချို့ငဲ့ကြသည့် လက်လုပ် လက်စားများဖြစ်၍ အရေးပေါ် ရေဘေးယာယီကယ်ဆယ်ရေးစခန်းသို့ လာရောက်ခိုလှုံကြခြင်းဖြစ်ရာ လက်ရှိအဆင်ပြေရုံနှင့်မပြီးဘဲ ရေကျပြီးနောက် ၎င်းတို့နေအိမ်များသို့ ပြန်သွားသည့်အခါ စားရေးအဆင်ပြေမှုရှိစေရန် ဆန်၊ ဆီ၊ ဆားနှင့် အသုံးအဆောင်များကို ဖြည့်ဆည်းပေးရန်မှာကြားခဲ့သည်။

ရေနစ်မြုပ်သောကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော စာရေးကိရိယာများ ထိုက်သင့်သလိုကူညီနိုင်ရေးအတွက် စာရင်းများပြုစုရန်၊ ရေကျသွားသော ရပ်ကွက်အတွင်း ရောဂါဘယမဖြစ်ပွားရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်းများပြုလုပ်ပေးရန်၊ လယ်ယာကဏ္ဍလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်တို့ကိုလည်း မှာကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်သည် အချိန်အခါမရွေးဖြစ်ပေါ်နိုင်သည်ဖြစ်ရာ သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရနိုင်သော်လည်း တွေ့ကြုံလာရသည့်အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် နည်းလမ်းများရှာဖွေ၍ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မုန်တိုင်းသတင်းသတိပေးချက်များ၊ မိုးရွာသွန်းမှုအခြေအနေ၊ မြစ်ရေကြီးမှုသတိပေးချက်များကို ပြည်သူများသိရှိရန် အချိန်နှင့်တစ်ပြေးညီ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများမှ ထုတ်ပြန်ဖော်ပြပေးလျက်ရှိရာ ပြည်သူများသည် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများကို လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အင်းစိန်မြို့နယ်၌ အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက်က အင်းစိန်မြို့နယ် အထက (၁) နှင့် အထက(၃)တို့တွင် ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆွေက အမှာစကားပြောကြားပြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းမင်း (အပေါ်ပုံ)နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သိန်းတို့က မှုခင်းကျဆင်းရေးနှင့် လောင်းကစားမှုများ ပပျောက်ရေး ပညာပေးဟောပြောကြသည်။ ဆက်လက်၍ အင်းစိန်မြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဦးနိုင်လင်းနှင့် ဒုတိယတရားသူကြီး ဦးသန်းနိုင်ထွေးတို့က မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် အနောက်ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများအကြောင်းကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မအူပင်မြို့အဝင် သန့်ရှင်းသာယာလှပရေးအတွက် မအူပင်-တွံတေးလမ်းဆုံ တွင် အဖွဲ့ဝင်ထမ်းများဖြင့် လမ်းဘေးဝဲယာ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အရိပ်ရပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၅ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး ခန္တီးမြို့နယ်၌ဆောင်ရွက်

ခန္တီး ဇူလိုင် ၂၇

ခန္တီးမြို့အတွင်းရှိ ဈေးလမ်းမကြီး ဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်ထမ်းများနှင့်ဈေးဆိုင်ခန်းပိုင်ရှင်များ၊ နေအိမ်ပိုင်ရှင်များက စုပေါင်းဆောင်ရွက်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နှင့်မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးစိုးအောင်တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးပွဲကျင်းပ

လောင်းလုံ ဇူလိုင် ၂၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ဝေဒီစိုက်ပျိုးရေးခြံတွင် သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၉ ရက်က ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တနင်္သာရီတိုင်းဒေသကြီး မန်နေဂျာ ဦးမြင့်စိုးက တက်ရောက်လာကြသော တောင်သူများအား သိပ္ပံနည်းကျစပါး အထွက်တိုး(၁၄)ချက်ကို လိုက်နာကျင့်သုံးဆောင်ရွက်ပါက စပါးတစ်ဧက တင်း ၁၀၀ ကျော်ထွက်မည်ဖြစ်သဖြင့် တောင်သူများ လက်တွေ့ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက ပျိုးပေါင်မှ ပျိုးနုတ်၍ ချက်ချင်းစိုက်ပျိုးနေမှုကို တောင်သူများအား လက်တွေ့ပြသသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ ခရိုင်မန်နေဂျာဦးကျော်လှ၊ ဝေဒီခြံမန်နေဂျာ ဦးဆန်နီ၊ မြို့နယ်မန်နေဂျာ ဦးမျိုးမင်းလွင်ဦးနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ ကွင်းဝန်ထမ်းများနှင့် တောင်သူများတက်ရောက်လေ့လာခဲ့ကြကြောင်းသိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၇

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာစုပရိယတ္တိကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဖုန်း-၀၁-၅၁၂၀၆၆၊ ၅၇၂၃၄၉၊ ၆၅၅၁၅၈၊ ၇၃၀၁၁၈၉၄၊ ၅၄၃၃၉၁ နှင့် ၅၁၇၁၂၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ် ၅၈(အေ) နေ ဇနီး ဒေါ်မြယဉ်အားရည်စူး၍ ခင်ပွန်း ဦးကျော်ငြိမ်းနှင့် သားသမီး၊ မြေးမြစ်တစ်စုတို့က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်း လူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၂၅၀၀၀၀ လှူဒါန်းရာ စောင့်ရှောက်ရေးသူနာပြု ဒေါ်ဝင်းဝင်းရွှေနှင့် ဒေါ်ယဉ်သီတာတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဝေထံ ပေးအပ်စဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေ့ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၉ ရက်မှ ၂၅ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အင်္ဂပူ၊ လေးမျက်နှာ၊ ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်းနှင့် ကျုံပျော်မြို့နယ်များတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့မှု၊ ယခုအခါ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများမှ ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ပို့ဆောင်နေရာချထားပေးမှု၊ လယ်မြေနှင့် နေအိမ် အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ကယ်ဆယ်ရေးဆောင်ရွက်မှု၊ ခရိုင်အလိုက် မိုးရွာသွန်းမှုအခြေအနေ၊ ရေကြီးနစ်မြုပ်သည့် မြို့နယ်များ၏ အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ၊ ရေကြီးနစ်မြုပ်သည့် မြို့နယ်များတွင် တိုင်းဒေသကြီးဝန်ကြီးများကို တာဝန်ပေးအပ်၍ ထောက်ပံ့မှုများ ဆောင်ရွက်မှုအခြေအနေ၊ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ရေကြီးနစ်မြုပ်သည့် မိုးစပါးစိုက်ဧကများ၊ ရေကြီးမှုကြောင့် ခေတ္တပိတ်ထားခဲ့ရသည့် ကျောင်းများနှင့် ပြန်လည်ဖွင့်လှစ်ပြီးကျောင်းများ၊ ရေကျော်သည့် ဆည်တမံများနှင့် ရေကာတာများ အခြေအနေ၊ တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ရေကြီးနစ်မြုပ်သည့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး ထောက်ပံ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် တာတမံ၊ ရေနုတ်မြောင်းနှင့် ရေတံခါးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နှစ်စဉ်အထူးဂရုပြုစောင့်ရှောက်ရမည့် အရေးကြီးတာတမံများနှင့် အထူးဂရုပြုစောင့်ကြပ်ရမည့် မြစ်ကမ်းနှင့် နီးကပ်သည့် တာတမံများ၊ ၂၀၁၁- ၂၀၁၂ ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော မြစ်ကမ်းကာကွယ်ခြင်းလုပ်ငန်းများအခြေအနေ၊ မိုးရာသီရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရားများထားရှိမည့် အစီအစဉ်၊ ကညင်ရေလှောင်တမံနှင့် နန်ကသူ ရေလှောင်တမံတို့၏ ရေပိုလွှဲမှ နှစ်အလိုက် ရေကျော်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မျက်ခြည်မပြတ်ကြည့်ရှု

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မှာကြားရာတွင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များအပေါ် အထူးသတိထား စောင့်ကြည့်ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝဘေးအန္တရာယ် ပိုမိုကြုံတွေ့ရနိုင်သော ဒေသဖြစ်ပြီး ၂၀၀၈ ခုနှစ်အတွင်းကလည်း နာဂစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ မုန်တိုင်းများ ဝင်ရောက်လေ့ရှိသကဲ့သို့ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အထက်ပိုင်းတို့တွင် မိုးရွာသွန်းမှုများပြားပါက ရေကြီးနစ်မြုပ်နိုင်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာအများစုသည် မြစ်ကမ်းဘေး၌ တည်ထားသော မြို့ရွာများဖြစ်၍ မြို့တိုင်း၌ ရေတားတမံများပြုလုပ်ထားကြောင်း၊ မြစ်ကိုကာကွယ်ထားသည့် တာတမံများ ကျိုးပေါက်ပါက ပျက်စီးဆုံးရှုံးမှုများပြားနိုင်၍ သတိပြုစောင့်ကြည့်ရန်လိုကြောင်း၊ ယခုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးခြင်းမှာ တာတမံကျိုးပေါက်ခြင်းမျိုးလောက် စိုးရိမ်စရာမရှိပါကြောင်း၊ မြစ်ရေလျှံမှုများတွင် ဆည်နှင့်တာတမံများ ခိုင်ခံ့မှုသည် အရေးကြီး၍ အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆည်၊ တာတမံများ၏ ကြိုတင်ကာကွယ်မှုနှင့် သတိပေးမှုများအပေါ် မျက်ခြည်မပြတ် ကြည့်ရှုလျက်ရှိပါကြောင်း။

ယခု ရေဘေးကြုံတွေ့ရသည့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများအတွက် အစီအမံများ ပြုလုပ်နိုင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေဘေးကြောင့် ပိတ်ခဲ့ရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသားကျောင်းသူများအတွက် လိုအပ်သည့် ကျောင်းသုံးပစ္စည်းများနှင့် ကျန်းမာရေးကာကွယ် စောင့်ရှောက်မှုပေးရန် ဆေးဝါးပစ္စည်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတွင်လည်း လယ်မြေများ ရေကြီးနစ်မြုပ်မှုကြာရှည်ပါက ပျက်စီးဆုံးရှုံးမှု ရှိနိုင်ကြောင်း၊ လမ်း၊ တံတားများလည်း ပျက်စီးဆုံးရှုံးမှုရှိနိုင်၍ အဆိုပါကိစ္စရပ်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

ရည်ရွယ်ဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ အန္တရာယ်ရှိသော ဒေသဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကို ကျော်လွှားနိုင်ရန် နည်းလမ်းများရှာကြံရန်နှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် မိမိတို့အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရေဘေးသင့် မြို့နေပြည်သူ အများစုမှာ ဆင်းရဲနွမ်းပါးသူများ၊ လက်လုပ်လက်စားများ ဖြစ်ကြကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း (၈)ရပ်ကို အကောင်အထည်ဖော်ရာ၌ ကျေးလက်ဒေသသာမက မြို့ပေါ်ရပ်ကွက်နေ လက်လုပ်လက်စား ပြည်သူများအတွက်ပါ ရည်ရွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့နေအိမ်များသို့ ပြန်ရောက်သည့်အခါ စားရေးအဆင်ပြေအောင် ဆောင်ရွက်ပေးရုံနှင့် မပြီးသေးဘဲ ရေရှည်စားသောက်နိုင်ရေးအတွက် ပုဂ္ဂလိက ငွေစုငွေချေးအသင်းများ ထူထောင်ပေးခြင်းဖြင့် အလုပ်အကိုင်များလုပ်နိုင်အောင် ဖန်တီးသွားရမည်ဖြစ်ကြောင်း၊ မြို့နေပြည်သူများအနေဖြင့် ငွေပိုငွေလျှံများကို သိမ်းဆည်းထားမည့်အစား မိမိတို့အတွက်လည်း အကျိုးရှိ၊ ဆင်းရဲနွမ်းပါးသူများအတွက်လည်း အထောက်အကူဖြစ်အောင် ပုဂ္ဂလိက ငွေစုငွေချေးအသင်းများ ဖွဲ့စည်းပေးရမည်ဖြစ်ကြောင်း၊ လက်လုပ်လက်စားများအတွက် ငွေကြေးအရင်းအနှီးများ ပံ့ပိုးပေးနိုင်သည်နှင့် အမျှ စားဝတ်နေရေး ချောင်လည်မှု ရှိလာမည်ဖြစ်ကြောင်း။

အခမဲ့ မူလတန်းပညာသင်ကြားရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း အချို့ကလေးများမှာ အခမဲ့မူလတန်းပညာကိုပင် မသင်ကြားနိုင်သူများရှိနေသေးကြောင်း၊ ၎င်းတို့အတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ပံ့ပိုးပေးနိုင်လျှင် စာသင်ခန်းများအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အလေးအနက်ထား လုပ်ဆောင်နေကြောင်း၊ သို့သော် အစိုးရချည်း မအောင်မြင်နိုင်ဘဲ ပြည်သူများကလည်း ပါဝင်ကူညီဆောင်ရွက်မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ထိထိရောက်ရောက် လုပ်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့သစ်သည် သက်တမ်း (၄)လသာရှိသေးကြောင်း၊ နိုင်ငံတော်၏ အခြေအနေပေါ်မူတည်ပြီး စဉ်းစားဆုံးဖြတ်၍ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပညာရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး ပေါ်ထွက်လာသည့် အချက်များအပေါ် သုံးသပ်လုပ်ဆောင်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု မရှိလျှင် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးမည်ကို အားလုံးသိရှိ လက်ခံထားရန်လိုကြောင်း။

ဂရုပြုစောင့်ကြပ်

ယခုအခါ တစ်ကမ္ဘာလုံးတွင် ရာသီဥတုဖောက်ပြန်နေပြီး အင်အားပြင်းထန်သည့် ငလျင်ကြီးများ၊ ဆူနာမီရေလှိုင်းကြီးများ၊ မီးတောင်ပေါက်ကွဲမှုများ၊ ရေလွှမ်းမိုးနစ်မြုပ်မှုများဖြစ်ပြီး အသေအပျောက်များပြားကြောင်း၊ အချို့နိုင်ငံများတွင် မိုးခေါင်ပြီး အစာရေစာပြတ်လပ်နေကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်လျှင် မိမိတို့နိုင်ငံသည် ပျက်စီးဆုံးရှုံးမှုပမာဏ နည်းပါးကြောင်း၊ ရာသီဥတုဖောက်ပြန်၍ သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက ကျော်လွှားနိုင်မည့်နည်းလမ်းများ စဉ်းစားပြီး ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လာမည့် မိုးနှောင်းကာလအတွင်း မြစ်ကမ်းပါးကို ကာကွယ်ထားသည့် တာတမံများ မကျိုးပေါက်စေရန် တာဝန်ရှိသူများက ဂရုပြုစောင့်ကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေက လက်ခံသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက CDMA တယ်လီဖုန်းတစ်လုံးနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်လှိုင်၊ ဧရာဟင်္သာကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်နှင့် အောင်မြင်သူကုမ္ပဏီမှ ဦးနေနေလွှမ်းမိုးတို့က ထောက်ပံ့ငွေများကို လည်းကောင်း ပေးအပ်ကြရာ ရေဘေးသင့်ပြည်သူများကိုယ်စား တာဝန်ရှိသူများက လက်ခံကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဟင်္သာတမြို့ မြို့ပြစည်ပင်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် လိုက်ပါလျက် ဟင်္သာတမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ငါးသိုင်းချောင်းမြို့သို့ ရောက်ရှိကြရာ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးလှခိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁

28-7 (03).pmd 1 7/28/2011, 2:52 AM

စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ငါးသိုင်းချောင်းမြို့ ဆောက်လုပ်ရေးညှိ့ရိပ်သာ၌ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားပေးစကားပြောကြားရာတွင် ငါးသိုင်းချောင်းမြို့ ရေဘေးသင့်ပြည်သူများအား ကိုယ်တိုင်ကိုယ်ကျ အားပေးစကားပြောကြားရန်အတွက် ပြည်ထောင်စုအဆင့် ဝန်ကြီးများပါဝင်သည့် မိမိတို့အဖွဲ့လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၌ ရေကြီးမှု ဖြစ်စဉ်မှာ ထူးခြားဖြစ်စဉ်မဟုတ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ရေကြီးနစ်မြုပ်မှု အတွေ့အကြုံရှိပြီးဖြစ်ကြောင်း၊ တောင်သူများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပျက်စီးဆုံးရှုံးမှုများကို မှန်မှန်ကန်ကန်ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီးနှင့် နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ဖြည့်ဆည်းကူညီပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးမှုအပေါ် စိတ်ပျက်နေရန်မလိုဘဲ ရေပြန်လည်ကျဆင်းသွားပါက အချိန်မီစိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအတွက် မျိုးစပါးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်ရာ ရေဘေးသင့်ပြည်သူများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လက်ခံသည်။

လက်ခံ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက CDMA တယ်လီဖုန်းတစ်လုံးနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဆန်အိတ်နှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်တို့က ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ကြရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကျေးရွာအုပ်စုအလိုက် ကိုယ်စားလှယ်များက လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ငါးသိုင်းချောင်းမြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး ရခိုင်ပြည်နယ် ဂွမြို့သို့ ရောက်ရှိကြရာ ရခိုင်ပြည်နယ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးအေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂွမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဂွမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကျေးရွာအုပ်စုများ ရေနစ်မြုပ်မှုနှင့်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြီးကြပ်ဆောင်ရွက်

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မှာကြားရာတွင် ပြီးခဲ့သည့်ရက်များအတွင်း မိုးရွာသွန်းမှုများပြား၍ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရေကြီးမှုဖြစ်စဉ်တွင် ဂွ၊ အမ်း၊ မင်းပြား၊ မြောက်ဦးနှင့် ပုဏ္ဏားကျွန်းမြို့များ၌ အထိုက်အလျောက် နစ်မြုပ်မှုရှိခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများပြားသည့် နေရာများနှင့် အထိုက်အလျောက် ပျက်စီးသည့် နေရာများကို အကူအညီပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုကိုကြည့်ပါက ကျေးလက်မှ ခိုင်ခိုင်ခံ့ခံ့မရှိသည့် တဲအိမ်များမှာ အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ကျေးလက်နေပြည်သူများ၏ နေအိမ်များကို ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင် ကြိုးပမ်းတည်ဆောက်သွားကြရန်လိုကြောင်း၊ ပျက်စီးသွားသောလမ်းများကိုလည်း အမြန်ပြုပြင်ပေးရန် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက CDMA တယ်လီဖုန်းတစ်လုံးနှင့်ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက စာရေးကိရိယာများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့က ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

အားပေးစကားပြော

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဂွမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် သံတွဲမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးအတွက် စီမံဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး ဦးဆောင်သော မီးဘေးလုံခြုံရေးစစ်ဆေးရေးအဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



မြဝတီရုပ်မြင်သံကြား

၂၈-၇-၂၀၁၁
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၃၅ ၆။ မျိုးချစ်တပ်မတော်
၇း၄၀ ၇။ မြန်မာ့ရှုခင်း
၇း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂ ၃။ နိုင်ငံတော်သီချင်း
၄း၀၃ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၂၅ ၇။ ဗွီစီဒီကျော်ကြားတေး
၄း၃၅ ၈။ လျှပ်တစ်ပြက်
၄း၅၀ ၉။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၁၀။ သန့်စွာကိုင်လေ စက္ကူငွေ
၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၈၆)
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ **ထူးဆန်းထွေလာ မျက်လှည့်ပညာ**
၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၄၃)
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်း နေမင်း ကြယ်တစ်စင်း** (အပိုင်း-၃၃)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဗိုဒ္ဓတာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ အနုပညာရှင်၏တစ်နေ့တာ
၂၄။ ကုန်သွယ်သုတ
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၃၆)
၂၇။ ဂီတရင်ခုန်သံ

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ဂေါက်သီးရိုက်အဖွဲ့၏ ဇူလိုင်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

(ဆရာဝန်အသင်း)

လျှော်ကားပင်မဓာတ်အားခွဲရုံနှင့် ဓာတ်အားပေးစက်ရုံ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ၂၃၀/၃၃/၁၁ ကေဗွီ (၂၈၀)အမ်ဗွီအေ လျှော်ကားပင်မဓာတ်အားခွဲရုံသို့ သွားရောက်၍ Control Room အတွင်းရှိ Control Panel များမှ ဓာတ်အား အဝင်လက်ခံရရှိမှုနှင့်ဖီဒါများအလိုက် ဓာတ်အားဖြန့်ဖြူးထားရှိမှု၊ Switch Yard အတွင်းရှိ ထရန်စဖော်မာများ ကြံ့ခိုင်ရေး ထိန်းသိမ်းထားရှိမှု၊ ဓာတ်အားလိုင်းများ အဝင်/အထွက် ချိတ်ဆက်သွယ်တန်းထားရှိမှုနှင့် Power Line Carrier များ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လျှော်ကားဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား တရုတ်နိုင်ငံကောင်စစ်ဝန် လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုကောင်စစ်ဝန်ရုံးမှ ကောင်စစ်ဝန် Mr. Gao Hua သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိ့ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချစ်ကြည်ရေးအားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ယှဉ်ပြိုင်ရေး၊ နည်းစနစ်များဖလှယ်ရေး၊ အားကစားအဖွဲ့အချင်းချင်း ပူးတွဲလေ့ကျင့်ရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကူအညီပေးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၇

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၂	ကယားပြည်နယ်	၃၀	၂၂	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၃	ကရင်ပြည်နယ်	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၄	ချင်းပြည်နယ်	၂၄	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၁	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၅	၂၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ (နေရာကွက်၍ မိုးကြီးနိုင်)	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၉	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၁	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၁	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၆	၁၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၃	၂၀	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၄	၂၂	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၅	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၁	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ဆေးပညာသတင်းဆန်းများ (၁၆)

ဒေါက်တာကံညွန့်

ဒီတစ်ပတ် ဆေးပညာသတင်းဆန်းများတင်ဆက်ရာမှာ အံ့သြတုန်လှုပ်စရာ သတင်းတစ်ပုဒ်နဲ့ စကြရအောင်ပါ။ အမေရိကန်နိုင်ငံ Los Angeles မြို့ကလာတဲ့ သတင်းတစ်ပုဒ်ပါ။ University of California San Francisco (UCSF) ရဲ့ Centre for Disease Control and Prevention က ဆေးပညာရှင်တစ်စုဟာ ပုံမှန်လာပြနေတဲ့ ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၂၆၈ ဦးရဲ့သွေးကို စစ်ဆေးကြည့်လိုက်တဲ့အခါ ၎င်းတို့ရဲ့သွေးမှာ အန္တရာယ်ဖြစ်စေနိုင်တဲ့ ဓာတ်သတ္တုရှစ်မျိုး ပါဝင်နေတာကို တွေ့ရှိရတယ်လို့ဆိုပါတယ်။ ၎င်းဓာတ်သတ္တုတွေဟာ ယခုတွေ့ရှိရတဲ့ အခြေအနေမှာတော့ အန္တရာယ်မဖြစ်နိုင်သေးပေမယ့် ဒီထက်ပိုများလာရင်တော့ အန္တရာယ်ဖြစ်လိမ့်မယ်လို့ဆိုပါတယ်။ တချို့ဓာတ်သတ္တုတွေဟာ Rocket လောင်စာတွေမှာအသုံးပြုတဲ့ဓာတ်ငွေ့တွေလည်းပါတယ်လို့ သိရပါတယ်။

တခြား Chemical တွေကတော့ ပိုးသတ်ဆေး၊ ကားအင်ဂျင်ကထွက်တဲ့ ဓာတ်ငွေ့၊ PCBs, PFCs လို့ခေါ်တဲ့ Toxic Industrial Chemical တွေနဲ့ ပလတ်စတစ် လောင်စာမှာအသုံးပြုတဲ့ Phthalates လို့ခေါ်တဲ့ Chemical တွေလို့ သိရပါတယ်။

ဒီ Chemical တွေဟာ မိခင်ရဲ့ချက်ကြော Placenta ကတစ်ဆင့် သန္ဓေသားကို ဒုက္ခပေးနိုင်တာမို့ ဒါဟာ အထူးအရေးကြီးတဲ့ကိစ္စရပ်တစ်ခုအဖြစ် အမေရိကန်ကွန်ဂရက်အထိ တင်ပြသွားမှာဖြစ်တယ်လို့ ဒီတွေ့ရှိချက်မှာ ဦးဆောင်ပါဝင်ခဲ့သူ Miss Tracey Woodruff Director of UCSF Programme or Reproductive Health and Environment က ပြောကြားသွားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်ကလည်း အမေရိကန်နိုင်ငံကလာတဲ့သတင်းပါပဲ။ အမေရိကန်နိုင်ငံမှာ Fluoride ဟာ သွားရောဂါအတွက်အရေးကြီးကြောင်း သိရှိခဲ့ရတဲ့ လွန်ခဲ့တဲ့နှစ် (၅၀)ခန့်ကပဲ အမေရိကန်အစိုးရ ကျန်းမာရေးဌာနက ပြည်သူလူထုသောက်သုံးရေထဲမှာ Fluoride ဆေးထည့်သုံးဖို့ခွင့်ပြုခဲ့ပါတယ်။ ဒီလိုခွင့်ပြုလိုက်တဲ့အတွက် အမေရိကန်နိုင်ငံက (၁၀)နှစ်အရွယ်လေးတွေမှာ အလွန်အဖြစ်များခဲ့တဲ့ သွားရောဂါဟာ ၉၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။

ဒါပေမယ့်လည်း အခုအခါမှာတော့ ဒီ Fluoride ဓာတ်ကို သောက်သုံးရေ၊ သွားတိုက်ဆေး၊ ပါးစပ်ငုံဆေး၊ တချို့ ဆိုဒါရေစတဲ့ ရေတွေမှာပါ ထည့်သွင်းအသုံးပြုလာကြတာကြောင့် Fluoride များပြီး Splotchy Teeth ဆိုတဲ့ သွားမှာမညီညာတဲ့ အစွန်းအကွက်တွေ ပေါ်လာရတယ်လို့ US Department of Health and Human Service က ထောက်ပြထားပါတယ်။ ဒါကြောင့် Fluoride ကို အသုံးမများဖို့ အထူးသဖြင့်ကလေးတွေမှာ လိုသည်ထက်ပိုမသုံးမိအောင် သတိထားကြဖို့ နှိုးဆော်ထားကြောင်း တင်ပြလိုက်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကလည်း အင်မတန်ထူးဆန်းတဲ့သတင်းပါ။ မိန်းမတွေ သောက်သုံးနေတဲ့ ပဋိသန္ဓေတားဆေးအမျိုးမျိုးဟာ အမျိုးသမီးတွေမှာဖြစ်တတ်တဲ့ Ovarian Cancer ခေါ်တဲ့သားဥကင်ဆာရောဂါကို ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါဟာ အထူးအဆန်းမဟုတ်လှပေမယ့် ပဋိသန္ဓေတားဖို့ ခင်ပွန်းဖြစ်သူမှာ Visectony ခေါ်တဲ့ သားကြောဖြတ်ထားခြင်းဟာလည်း ကိုယ့်ဇနီးရဲ့ Ovarian Cancer ဖြစ်မှုကို ကာကွယ်နိုင်တယ်ဆိုတဲ့သတင်းပါ။ ဒါကတော့ အတော်ကို ထူးဆန်းနေပါတယ်။ ဒီတွေ့ရှိချက်ကို University of Texus, School of Public Health က Dr. Roberta Ness က လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ ပဋိသန္ဓေတားနည်းအမျိုးမျိုးဖြစ်တဲ့ စားဆေး၊ သားဥလမ်းကြောင်းကို ကြိုးချည်နည်း(Tubal Ligation)၊ သားအိမ်ထဲကို ငွေလေထည့်ထားခြင်း (Intrauterive Device)၊ သားအိမ်ထိပ်ဝမှအကာအကွယ်ထားခြင်း (Diaphragm)အပါအဝင် ခင်ပွန်းဖြစ်သူမှာ သားကြောဖြတ်ထားခြင်းတို့က အမျိုးသမီးမှာ Ovarian Cancer ဖြစ်ခြင်းက ၄၀ ရာခိုင်နှုန်းကနေ ၆၅ ရာခိုင်နှုန်းထိ ကာကွယ်နိုင်ကြောင်းသိရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ဆီးကျိတ်ကင်ဆာမှာအသုံးပြုရတဲ့ဆေးတစ်မျိုးဟာ မျက်စိအတွင်းတိမ်ရောဂါကို လျင်မြန်စွာဖြစ်ပွားစေတယ်ဆိုတဲ့ သတင်းပါ။

အသက်အရွယ်ကြီးတဲ့ ယောကျ်ားတွေမှာဖြစ်တတ်တဲ့ Prostate Cancer ခေါ်တဲ့ ဆီးကျိတ်ကင်ဆာရောဂါမှာ ADT လို့ခေါ်တဲ့ Androgen Deprivtion Therapy ခေါ်တဲ့ ကုသနည်းကိုအသုံးပြုပြီး ယောကျ်ားဟော်မုန်းဖြစ်တဲ့ Testosterone ဟော်မုန်းကို အားပျော့အောင်ပေးခဲ့ကြတယ်။ Testosterone ဟာProstate Cancer ကို ပိုအဖြစ်မြန်စေတာကြောင့် ဖြစ်တယ်။

အဲဒီ ADT ကုထုံးမှာ အသုံးပြုကြတဲ့ အများသုံးဆေးတွေကတော့ Lupron, Zoladerx,Trelstor နှင့် Eligand စတဲ့ ဆေးတွေဖြစ်ပါတယ်။ ဒီဆေးတွေဟာ ဆီးချိုရောဂါနဲ့ အဝလွန်ရောဂါအပြင် နှလုံးရောဂါတွေကိုပါ ဖြစ်စေနိုင်ပါတယ်။

ဒါကြောင့် ဒီဆေးတွေကို သတိထားပြီးအသုံးပြုဖို့ US Food and Drug Administration ဌာနကလည်း လွန်ခဲ့တဲ့နှစ် အောက်တိုဘာလကပဲ သတိပေးထားခဲ့ပြီးဖြစ်ပါတယ်။

အခု ဒီဆေးတွေသုံးတဲ့အခါ အတွင်းတိမ်အဖြစ်မြန်တာကိုပါ တွေ့ရှိရတယ်ဆိုတာကတော့ အမေရိကန်နိုင်ငံ Michigan မှာရှိတဲ့ Cancer Institute of Detroit က ဆေးပညာရှင်တစ်စုရဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ သူတို့ဟာ အမေရိကန်တစ်ဝန်းလုံးက ဆီးကျိတ်ကင်ဆာရောဂါရှင်ပေါင်း ၆၆၀၀၀ ကို လေ့လာသုတေသနပြုပြီးမှ ဒီတွေ့ရှိချက်ပေါ်ထွက်ခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ ဒီဝေဒနာရှင် ၁၀၀၀ မှာ Cataract ဝေဒနာရှင် ၁၁၁ ဦးစီ နှစ်စဉ်တွေ့ရှိနေရတယ်လို့ဆိုပါတယ်။

ဒါကြောင့် ဆီးကျိတ်ကင်ဆာဝေဒနာရှင်တွေကို ဒီ ADT ကုထုံးနဲ့ ကုသမှုခံယူနေရရင် မျက်စိအခြေအနေကိုပါ စောင့်ကြည့်ကြဖို့ တင်ပြလိုက်ရပါတယ်။

ဒါနဲ့ တစ်ဆက်တည်း တင်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ မျက်စိအတွင်းတိမ်ရောဂါဟာ အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်စားသုံးသူတွေထက် အသားများများစားသုံးသူတွေမှာ ပိုဖြစ်နိုင်တယ်ဆိုတဲ့သတင်းပါပဲ။ ဒါကို အင်္ဂလန်နိုင်ငံ Oxford တက္ကသိုလ်က ဆေးပညာရှင်တစ်စုက လေ့လာတွေ့ရှိခဲ့တာလို့သိရပါတယ်။ ၎င်းတို့အဆိုအရ လူပေါင်းမြောက်မြားစွာကို ၁၅ နှစ်ကြာ သုတေသနပြုချက်အရ အသားစားသူ လူ ၅၀မှာ သုံးယောက်က အတွင်းတိမ်ဖြစ်တာကိုတွေ့ရပြီး သက်သတ်လွတ်စားသူ ၅၀ မှာ နှစ်ယောက်လောက်သာ အတွင်းတိမ်ဖြစ်နိုင်တာတွေ့ရတယ်လို့ ဆိုပါတယ်။ ယင်းသက်သတ်လွတ်စားသူတို့မှာ အတွင်းတိမ်ရောဂါ ဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ လျော့နည်းနိုင်တယ်လို့သိရပါတယ်။

ယခုနောက်ဆုံးဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ခေါင်းတုန်လက်တုန်ဖြစ်နေတဲ့ သက်ကြီးရွယ်အိုတွေကို တွေ့ဖူးကြပါလိမ့်မယ်။ သူတို့ဟာ Parkinson ဆိုတဲ့ရောဂါကိုခံစားနေကြရတာပါ။ သူတို့ဟာ ဦးနှောက် Cell တွေက ပုံမှန်ထုတ်ပေးနေကျ Dopamine ဆိုတဲ့ Chemical Messanger ဓာတ်ကို မထုတ်ပေးနိုင်တော့လို့ ယခုလို ရောဂါခံစားနေရတာပါ။ အဲဒီ Dopamine ဓာတ်ဟာ ဦးနှောက် Cells တွေကြားမှာ ကိုယ်လက်လှုပ်ရှားမှုကို ညီညွတ်အောင်လုပ်ပေးနေတဲ့ဓာတ်ပါ။

အဲဒီဝေဒနာရှင်တွေရဲ့ ကုထုံးကို ရှာဖွေသုတေသနပြုခဲ့ကြတဲ့ ဆေးသိပ္ပံပညာရှင်တွေရဲ့ လုပ်ရပ်ကလည်း အံ့သြစရာပါ။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ Yale တက္ကသိုလ်က ဆေးသိပ္ပံပညာရှင်တွေက လေ့လာသုတေသနပြုခဲ့ကြတယ်လို့ သိရပါတယ်။ အမျိုးသမီးတွေရဲ့ သားအိမ်အတွင်းပိုင်းမှာရှိတဲ့ Endometrium ဆိုတဲ့ နေရာက Stem Cellကိုယူပြီး ဦးနှောက်ထဲထိုးထည့်လိုက်ရင် ဒီ Dopamine ထွက်နိုင်တဲ့ Cells တွေ ပြန်လည်ရှင်သန်ပြီး ဒီရောဂါပါ လုံးဝပျောက်ကင်းသွားနိုင်တယ်ဆိုတဲ့သတင်းပါပဲ။ ဒီစမ်းသပ်မှုဟာ ကြွက်တွေမှာ လုံးဝအောင်မြင်ခဲ့ပြီး ဖြစ်ပြီးလူတွေမှာ စတင်စမ်းသပ်နေပြီလို့သိရပါတယ်။ မကြာခင်အတွင်း ကုထုံးအဖြစ်ပေါ်ထွက်လာတော့မယ်ဆိုတာ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ကျောက်မဲခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလှိုင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးအောင်သွင်ဦးတို့ ဇူလိုင် ၈ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြန်မာ့အလင်း)

ညောင်စာရေးတိုက်နယ်အသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၇

ရွှေတောင်မြို့နယ် ညောင်စာရေးတိုက်နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ စုပေါင်းလှူဒါန်းပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုပွဲကို ဩဂုတ် ၁၃ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် သံယုတ္တနိကာယ်ကျောင်းဆောင်၌ ကျင်းပမည်ဖြစ်ရာ တိုက်နယ်သူ တိုက်နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသူများစာရင်းကို အသင်းတည်ရာ ဖုန်း-၅၆၄၃၆၀၊ ၀၉-၅၁၅၁၅၁၄၊ ဥက္ကဋ္ဌ ဦးတင်ညွန့်၊ ဖုန်း-၀၉-၇၃၁၆၀၂၄၈၊ ဒုတိယဥက္ကဋ္ဌ ဦးလှစော ဖုန်း-၆၆၅၈၀၃၊ အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၅၀၈၄၄၃၊ ဦးဝင်းဆွေ ဖုန်း-၀၉-၅၁၃၄၄၄၉ နှင့် ဦးမြတ်စိုးနိုင် ဖုန်း-၀၉-၅၀၄၀၆၉၆ တို့ထံသို့ ကြိုတင်ဆက်သွယ် စာရင်းပေးပို့ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ ဗီဒီယိုလုပ်ငန်းဆိုင်ရာများ ကွင်းဆင်းစစ်ဆေးမည်

နေပြည်တော် ဇူလိုင် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီသည် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်(၁၄)ရပ်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ရည်မှန်းချက်တာဝန်(၁၃)ရပ်နှင့် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီအတွက် လမ်းညွှန်ချက်(၇)ချက်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၊ အတွင်းရေးမှူး(လုပ်ငန်းစုမှူး)များ လိုက်နာဆောင်ရွက်ရန် လမ်းညွှန်ချက်(၈)ချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေ(ဗွီစီဒီ၊ ဒီဗွီဒီ)ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် ဗီဒီယိုပြသခြင်း(ရုံနှင့်ပြသခြင်း၊ ကာရာအိုကေခန်းမ၊ လက်ဖက်ရည်ဆိုင် ဗီဒီယိုပြသခြင်း၊ စားသောက်ဆိုင်တွင် ဗီဒီယိုပြသခြင်း၊ အမျိုးသား အမျိုးသမီး အလှပြင်ခန်းမ၊ အလှပြင်ဆိုင်များတွင် ဗီဒီယိုပြသခြင်း) လုပ်ငန်းများ လိုင်စင်မဲ့မရှိစေရေး၊ သက်တမ်းလွန်မရှိစေရေးနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် အကြောင်းကြားထားရှိကြောင်းနှင့် ကွင်းဆင်းစစ်ဆေးစဉ် လိုင်စင်မဲ့ သက်တမ်းလွန်နှင့် သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိပါက ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူသွားရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစီးရေလာကောင်းမွန်ရေး မကွေးမြို့၌ဆောင်ရွက်

မကွေး ဇူလိုင် ၂၇

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ပေါ်ရပ်ကွက်များတွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လမ်းငါးသွယ် အဝိုင်းလမ်းဆုံ အုတ်ရေမြောင်းပြုလုပ်နေခြင်းကို ဇူလိုင် ၈ ရက်က အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြတ်သူတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်းသိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဖွံ့ဖြိုးစည်ပင်မြန်ပြည်တစ်ခွင်

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝဏ္ဏမောင်နှင့်အဖွဲ့ လမ်းမကျယ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇွန် ၂၆ ရက်က အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ် သံကြိုးတိုင်ရပ်ကွက် စက်ရုံလမ်းတစ်လျှောက်တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြေယာရှုခင်းအလှဆောင်ရွက်နေမှုကို ဇူလိုင် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မာန်အောင်မြို့နယ် ဗိုလ်ချုပ်လမ်း တံတားအမှတ်(၄)တွင် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ခန့်နှင့်အဖွဲ့ ကွန်ကရစ်ရေပြွန် ဆောက်လုပ်နေမှုကို ဇူလိုင် ၁၇ ရက်က အမှုဆောင်အရာရှိ ဦးဦးစောထွန်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၂၀ ရက်က မရမ်းကုန်းရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းလမ်းနှင့် တောင်ရိုးတန်းလမ်းဆုံ၌ မြောင်းကူးအုတ်ခုံ ကွန်ကရစ်တံတားတည်ဆောက်ကြစဉ်။ (၁၀၇)

မော်လမြိုင်ကျွန်းမြို့နယ် မြို့မ (၂) ရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးဝဲယာတစ်လျှောက်ရှိ ချုံနွယ်များနှင့် အမှိုက်များကို ဇူလိုင် ၄ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းရှင်းလင်းနေမှုအား အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် ဦးစီးအရာရှိ ဦးမျိုးဇော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၀၆၅)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဘရာဇီးလ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jose Carlos da Fonseca Junior သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အောက်ပုံ)** မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အီရန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မာဂျစ်ဘိစ်မာ့ခ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ညှိနှိုင်းခန်း၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်အား ဘရာဇီးလ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) ညှိနှိုင်းခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးရှိစေမည့် စက်မှုလုပ်ငန်းများ၊ အီလက်ထရွန်နစ် လုပ်ငန်းများနှင့် IT လုပ်ငန်းများကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နည်းပညာလွှဲပြောင်းပေးရေးဆိုင်ရာများကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် သမ္မတရုံးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ခဲမဖြူသတ္တုသန့်စင်စက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၇

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့နယ်ရှိ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ခဲမဖြူသတ္တုသန့်စင်စက်ရုံ (သန်လျင်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ **(ဝဲပုံ)** ယခုနှစ်တွင် ခဲမဖြူသတ္တုသန့်စင် Pyro Refined Tin နှင့် Electro Refined Tin ထုတ်လုပ်မှု သတ်မှတ်ထားသည်ထက် တိုးမြှင့်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် စက်ရုံလုံခြုံရေး အလေးထားဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်း သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား၌ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ကျွန်းပျိုးပင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲ တိုက်ကြီးမြို့နယ် တောင်လှိုင်ရိုးမကြိုးဝိုင်း၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တောင်လှိုင်ရိုးမ ကြိုးဝိုင်းအကွက်အမှတ်(၁၇)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးသည်။ ရှေးဦးစွာ သစ်တောဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းမြင့်က ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ကျွန်းပျိုးပင်များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သတ်မှတ်နေရာအသီးသီး၌ ကျွန်းပျိုးပင်များ စိုက်ပျိုးပေးကာ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယနေ့ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကျွန်းပျိုးပင် ၁၃၅၀ စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာနသို့ရောက်ရှိရာ သင်တန်းခန်းမ၌ တိုင်းဒေသကြီးဦးစီးမှူးက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၅	၈။	အဆိုပြိုင်ပွဲ
၈း၂၀	၉။	အကပဒေသာ
၈း၃၀	၁၀။	နှင်းကြည့်စမ်းပါ
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅	၁။	2014 World Cup ဒုတိယအဆင့်ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **မြန်မာအသင်းနှင့် အိုမန်အသင်း**
၅း၁၅	၂။	တေးဂီတအစီအစဉ်
၅း၂၅	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၄၀	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၄၅	၅။	သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၆း၀၀	၆။	ညနေခင်းသတင်း
၆း၁၅	၇။	မိုးလေဝသအခြေအနေ
၆း၂၀	၈။	ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၆၀)
၆း၄၀	၉။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၁၃)
၈း၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	နိုင်ငံတကာသတင်းများ
	၁၃။	မိုးလေဝသအခြေအနေ
	၁၄။	**အစာလည်းဆေး၊ ဆေးလည်းအစာ**
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၁၇)
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း- ၈၀)
	၁၇။	အစီအစဉ်ပြီး၏။

ကိုယ်လက်လှုပ်ရှားအားကစားသည် ဉာဏ်ရည်ဉာဏ်သွေး ပိုမိုကောင်းမွန်အောင် အထောက်အကူပြု ပတ်ဝန်းကျင်ထိန်းသိမ်းရေးကျောင်းများဖြစ်လာစေရန် ကောင်းသောအမူအကျင့်များ သင်ကြားပေး

ပုဂ္ဂလိကပညာသင်ကျောင်းများ ပေါ်ပေါက်လာတော့မည်ဖြစ်၍ ယှဉ်ပြိုင်သင်ကြားနိုင်ရေး ပြင်ဆင်

ကြည့်ရှုအားပေး

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်း Language Lab ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်စိုးက ကျောင်းသမိုင်း၊ စာသင်ဆောင်အရေအတွက်နှင့် ကျောင်းသားအင်အား၊ နှစ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု၊ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှု၊ သင်ထောက်ကူပစ္စည်းများအသုံးပြုမှုနှင့် အားကစားလှုပ်ရှားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ပညာသင်ကြားမှုနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားသည်။ ... ဆောင်ရွက်နေမှု၊ Language Lab ၌ ဘာသာစကားကျွမ်းကျင်ရေး လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် e- Education Learning Centre ၊ စာကြည့်တိုက်၊ Computer Aided Instruction Room ၊ Computer Skills Room နှင့် စာသင်ခန်းများ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ဒုတိယသမ္မတသည် မန္တလေးမြို့ အမှတ်(၂၆)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားရာ၌ မိမိနှင့်အဖွဲ့ဝင်များ လာရောက်ခြင်းမှာ အမှတ်(၂၆)နှင့် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတို့၏ အောင်မြင်မှု၊ စေတနာဖြင့် သင်ကြားမှု၊ စာမေးပွဲအောင်ချက်များ ကောင်းမွန်မှုတို့ကြောင့် လာရောက်ကြည့်ရှု အားပေးခြင်းဖြစ်ကြောင်း၊ ယခုထက် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

လေ့ကျင့်ခန်းစာအုပ်၊ ခဲတံ၊ ဘောလ်ပင်၊ လွယ်အိတ်၊ အာဟာရကျွေးမွေးခြင်းစသည့် မသင်မနေရမူလတန်းအဆင့် လုပ်ငန်းများကိုပါ ပြည့်ပြည့်ဝဝအကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် ပညာသင်ဆုများ ချီးမြှင့်ခြင်း၊ ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ခြင်းကို နောင်လာမည့် ပညာသင်နှစ်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အခြေခံပညာအဆင့်တွင် ကျောင်းတက်နှုန်း မြင့်မားလာစေရေးမှ စတင်ရမည် ဖြစ်ကြောင်း။

ပြောင်းလဲမည်

အင်္ဂလိပ်စာအရည်အသွေးကောင်းမွန်အောင် လေ့ကျင့်သင်ကြားရာတွင် Language Lab များ၌ အလွတ်ကျက်ထားသည့် စာများကိုသာ ပြန်လည်ရွတ်ဆိုနေခြင်းများဖြင့် ကျေနပ်ရောင့်ရဲမနေဘဲ ပြင်ပအင်္ဂလိပ်စာ ပတ်ဝန်းကျင်တွင်ပါ လေ့လာသင်ယူနိုင်ရေး လမ်းညွှန်ပြသ

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း Computer Skills Room ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောင်းရှိ Language Lab ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် ဓာတုဗေဒ လက်တွေ့ခန်းတို့၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးသန်းက ကျောင်းသမိုင်း၊ စာသင်ခန်းအရေအတွက်၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူအင်အား၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်မှုနှင့် ဂုဏ်ထူးရရှိမှု၊ ကျောင်း၏ တစ်နေ့တာလှုပ်ရှားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မေးမြန်းဆွေးနွေး

ထို့နောက် ဒုတိယသမ္မတက ကျောင်းသား ကျောင်းသူများ၏ ပညာရည်တိုးတက်မှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် အိမ်တွင်းမှုသိပ္ပံခန်း၌ အိမ်တွင်းမှုလုပ်ငန်းများ လက်တွေ့တို့ကြောင့် လာရောက်ကြည့်ရှု အားပေးခြင်းဖြစ်ကြောင်း၊ ယခုထက် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

သို့ရာတွင် ယခုသင်ကြားနေသည့် စနစ်မှာ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမနှင့် ကျူရှင်များအပေါ်တွင် အလွန်အမင်း မှီခိုအားထားနေခြင်းကြောင့် ကျောင်းသား ကျောင်းသူ ကိုယ်တိုင် ကိုယ်တိုင်လေ့လာသင်ယူခြင်း၊ စဉ်းစားတွေးခေါ် သုံးသပ်ခြင်းကဲ့သို့ ကျောင်းသားဗဟိုပြု သင်ကြားရေးစနစ် ပီပြင်စွာ ပေါ်ထွန်းလာရေး၊ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးတို့အတွက် လိုအပ်သည်များကို စနစ်တကျ စဉ်းစား ပြောင်းလဲသွားကြရမည် ဖြစ်ကြောင်း၊ ကျောင်းသားဗဟိုပြု သင်ကြားရေးစနစ်ဖြင့် သင်ကြားခြင်းသည်သာ အထက်တန်းနှင့် တက္ကသိုလ်အဆင့်အထိ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း။

စတင်ဆောင်ရွက်

မူလတန်းအဆင့်ပညာရေး မသင်မနေရစနစ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ယခုနှစ်မှစ၍ ကျောင်းသုံး ဖတ်စာအုပ်များကို မူလတန်းအဆင့်များသို့ အခမဲ့ ထုတ်ပေးခြင်းများဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နောင်နှစ်များတွင် ပေးရန်လိုကြောင်း၊ ပုံသေအလွတ်ကျက်နည်းကိုသာ အားကိုးလွန်း၍ ဆရာ ဆရာမများနှင့် ကျူရှင်များက ရေးပေးသည့် Hand out Notes များ မရှိလျှင် ကျောင်းသားကျောင်းသူများမှာ စာမကျက်တတ်ကြတော့သဖြင့် စာကြည့်တိုက်နှင့် အင်တာနက်အသုံးပြုခြင်း၊ စာသင်ခန်းတွင် ဆရာနှင့် အပြန်အလှန်ဆွေးနွေးခြင်း၊ ကျောင်းသား ကျောင်းသူ အချင်းချင်း ဆွေးနွေးခြင်းစသည့် နည်းလမ်းများဖြင့် ကိုယ်တိုင်လေ့လာသင်ယူမှု ဖွံ့ဖြိုးလာစေရန်ပြောင်းလဲသွားကြရမည်ဖြစ်ကြောင်း။

အလားတူ မြန်မာ့ယဉ်ကျေးမှု၊ ဂါရဝတရား၊ မြန်မာ့လူ့အဖွဲ့အစည်း၏ယဉ်ကျေးသော လူနေမှုပုံစံများ ပျောက်ပျက် မသွားစေရေးအတွက် စာရိတ္တပညာရပ်၊ ပြည်သူ့နီတိပညာရပ်များကိုလည်း အလေးထား သင်ကြားရန်လိုအပ်ကြောင်း။

ကျောင်းများတွင် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ယခင်က စာမေးပွဲစစ်ဆေးသည့်စနစ်နှင့် လက်ရှိစစ်ဆေးနေသည့် စာမေးပွဲစနစ်တို့ကို နှိုင်းယှဉ်သုံးသပ်၍ ပိုမိုကောင်းမွန်သည့် ပညာရည်စစ်ဆေးမှုစနစ်များကို ပြောင်းလဲကျင့်သုံးနိုင်ရေး အတွက် ဆရာ ဆရာမများက အကြံပေး ဆွေးနွေးကြရန်လိုအပ်ကြောင်း။

လမ်းညွှန်သင်ကြား

ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးမြင့်မားလာရန်အတွက် အရေးအကြီးဆုံးမှာ ဆရာများ၏ အရည်အသွေး မြင့်မားလာရန်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား စာမေးပွဲတွင် မိမိကိုယ်တိုင်ဖွင့်သည့် ကျူရှင်ကစာကို ပြန်မေးပြီး အအောင်ပေးခဲ့လျှင် နိုင်ငံတကာ ပညာရေးအဆင့်၊ အာဆီယံပညာရေး အဆင့်မီရန် မည်သို့မျှ မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများကို အတန်းထဲတွင် မေးခွန်း မေးရဲသည့်အဆင့်၊ မေးခွန်းမေးနိုင်သည့်အဆင့်၊ ထိုမှတစ်ဆင့် ၎င်းတို့ကိုယ်တိုင် စဉ်းစားတွေးခေါ်နိုင်သည့်အဆင့်သို့ တိုးတက်ပြောင်းလဲအောင် လမ်းညွှန် သင်ကြားသွားရန်လိုအပ်ကြောင်း။

ထို့အပြင် နေ့စဉ်အချိန်တိုင်း ကျောင်းစာများကိုသာ အလွတ်ကျက်နေပြီး ကျန်းမာရေးချို့တဲ့သည့် ရှူနာရှိုက်ကုန်းကလေးမျိုး မဖြစ်စေရန် ကိုယ်လက် လှုပ်ရှားအားကစား ပြုလုပ်ခြင်းသည် ဉာဏ်ရည်ဉာဏ်သွေး ပိုမိုကောင်းမွန်အောင် အထောက်အကူပြုနိုင်သည်ကို ကျောင်းသား ကျောင်းသူများ သိရှိနားလည်အောင် သင်ကြားသွားရမည်ဖြစ်ကြောင်း။

ကျောင်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျောင်းများဖြစ်လာစေရန်အတွက် သစ်ပင်စိုက်ပျိုးခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ခြင်းစသည့် ကောင်းသောအမူအကျင့်များ စွဲမြဲသွားစေရန် သင်ကြားပေးရမည် ဖြစ်ကြောင်း။

နောင်တွင် ပုဂ္ဂလိကပညာသင်ကျောင်းများ ပေါ်ပေါက်လာတော့မည် ဖြစ်၍ ပုဂ္ဂလိက ကျောင်းများနှင့် ယှဉ်ပြိုင်ကာ သင်ကြားနိုင်ရေးအတွက် ယခုကပင် ပြင်ဆင်ကြိုးစားကြရန် လိုအပ်ကြောင်း။

အထိရောက်ဆုံး

ယခုအခါ အခြေခံပညာရေးကဏ္ဍ ဖွဲ့စည်းပုံတွင် မြို့နယ်ပညာရေးမှူးများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ ပိုမိုထိရောက်စေရန် ပြန်လည်စဉ်းစားသုံးသပ်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထိရောက်ဆုံးနှင့် အကောင်းဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကျယ်တဝင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ်ရှိ ကိုယ်ပိုင်ကျောင်း သူရိန်နန်း ဘော်ဒါဆောင်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ချုပ်ရေးမှူး ဒေါက်တာ ဒေါ်စန္ဒီမောင်က ကျောင်းတည်နေရာ၊ ကျောင်းသမိုင်း၊ ဆရာ၊ ကျောင်းသား အချိုး၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်မှုနှင့် ဂုဏ်ထူးရရှိမှု၊ ကျောင်းသားဦးရေ၊ စာသင်ခန်းများနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ စီစဉ်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကား ပြောကြားကာ စာသင်ဆောင်များနှင့် ကျောင်းသားကျောင်းသူ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် (၆၅)လမ်းနှင့်ချယ်ရီလမ်းထောင့်ရှိ ကိုယ်ပိုင်ကျောင်း VEC ပညာ့ရိပ်သာသို့ ရောက်ရှိကြရာ စီမံအုပ်ချုပ်သူ ဒေါ်ဝင်းဝင်းမေက ပညာ့ရိပ်သာ၏ သမိုင်းအကျဉ်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုနှင့် ဂုဏ်ထူးရရှိမှု၊ စာသင်ဆောင်များနှင့် အိပ်ဆောင်များ စီစဉ်ထားမှု၊ ဆရာ ဆရာမနှင့် ကျောင်းသားအင်အားတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ကျောင်းအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး အမှာစကား ပြောကြားကာ ကျောင်းစာကြည့်တိုက်၊ Science Lab နှင့် Computer Room တို့ကို လှည့်လည်ကြည့်ရှုသည်။

ဒုတိယသမ္မတသည် ကိုယ်ပိုင်ကျောင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ် အမှာစကားပြောကြားရာ၌ နိုင်ငံတော်က ပုဂ္ဂလိကကျောင်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ရှေ့ပြေးစမ်းသပ်အစီအစဉ်အဖြစ် ယာယီ ဖွင့်လှစ်ခွင့်ပြုထားသော ကျောင်း (၁၁)ကျောင်းအနက် မန္တလေးမြို့ရှိ ကျောင်းများ၏ အခြေအနေမှန်ကို သိရှိနိုင်ရန်၊ အားသာချက်များကို အားပေးရန်နှင့် အားနည်းချက်များကို ပြုပြင်ပေးရန်အတွက် မိမိတို့ လာရောက်ကြခြင်းဖြစ်ကြောင်း။

ပုဂ္ဂလိကကျောင်းများ ထူထောင်ကြရာတွင် ကျောင်းနှင့် ကျောင်းသားသာမက စီးပွားရေး အကျိုးအမြတ်အတွက်ပါ ထည့်သွင်း စဉ်းစားလာကြမည်ဖြစ်သော်လည်း ကျောင်းနှင့်ကျောင်းသား နှစ်ဦး နှစ်ဖက်စလုံး အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ယခုယာယီစမ်းသပ်ဖွင့်လှစ်သည့် ကျောင်းများအဆင့်ကပင် ကလေးဗဟိုပြုသင်ကြားရေးစနစ် အောင်မြင်စေရေး၊ စာကြည့်တိုက်နှင့် အင်တာနက်များ အသုံးပြုခြင်းဖြင့် Self Study လုပ်နိုင်သည်အထိ ပျိုးထောင်လေ့ကျင့်ပေးရေး၊ စာသင်ခန်းများသည် အလင်းရောင်၊ အကျယ်အဝန်း၊ နေရာ၊ လေဝင် လေထွက်၊ ပရိဘောဂစသည့် သတ်မှတ်ချက်များနှင့် ပြည့်စုံစေရေး၊ အိပ်ဆောင်၊ စားသောက်ဆောင်၊ စားရေးသောက်ရေးများသည် ကျန်းမာရေးနှင့် ညီညွတ်မျှတပြီး ကျောင်းသားကျောင်းသူများ၏ ပညာရည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သည့် အဆင့်မျိုး ဖြစ်စေရေး၊ ထို့အပြင် ပုဂ္ဂလိကကျောင်းများသည် ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ စိတ်ဓာတ်၊ လုံခြုံရေး၊ အကျင့်စာရိတ္တစသည့် လိုအပ်ချက်အားလုံးကိုဖြည့်ဆည်းပေးနိုင်ရေး၊ စာမေးပွဲ အောင်ရုံသာမက ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်သည့် အဆင့်မျိုးအထိ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို အသေးစိတ်မှာကြားသည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ အစည်းအဝေးခန်းမ၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❐ ကျောဖုံးမှ

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မန္တလေးတက္ကသိုလ်ကို ၁၉၂၅ ခုနှစ်မှစ၍ ဥပစာကောလိပ်အနေဖြင့် စတင်ခဲ့ကာ ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်အဖြစ်ဖွင့်လှစ်ခဲ့သည်ဟုသိရပါကြောင်း၊ ယခုဆိုလျှင် (၈၅)နှစ်ကျော်သက်တမ်းရှိ တက္ကသိုလ်ကြီးဖြစ်နေပါကြောင်း။

မွေးထုတ်ပေး

မန္တလေးတက္ကသိုလ်ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ ဆုံစည်းရာ၊ ပညာရည်နို့သောက်စို့ရာနေရာဟုလည်း ဆိုနိုင်ပါကြောင်း၊ ဤမန္တလေး တက္ကသိုလ်ကြီးသည် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်ပေါင်းစုံ သင်ကြားပို့ချမှုဖြင့် တိုင်းပြည်၏ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ထောင်သောင်းများစွာ မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကိုထူထောင်ရာတွင် (Only Education Can Lead) ပညာတတ် လူ့အဖွဲ့အစည်းရှိမှ၊ ဖွံ့ဖြိုးမှုသာလျှင် ထူထောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ငွေကြေးအမြောက်အမြား ကျခံသုံးစွဲ၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ သင်တန်းကျောင်းများကို မြောက်မြားစွာ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

ဖိတ်ခေါ်ကျင်းပ

သို့ရာတွင် တက္ကသိုလ်ကြီးများမှ မွေးထုတ်ပေးလိုက်သော ဘွဲ့ရသူများသည် အရေအတွက်အားဖြင့်များပြားလာသော်လည်း အရည်အသွေးအားဖြင့် တဖြည်းဖြည်းကျလာသည်ကိုလည်းကောင်း၊ သင်ကြားပေးသော ဆရာ ဆရာမများသည်ပင်လျှင် အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများနည်းပါးလာသည်ကိုလည်းကောင်း တွေ့မြင်ရသဖြင့် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပညာရေးအတွေ့အကြုံရင့်ကျက်သည့် ဆရာကြီးဆရာမကြီးများအား ဖိတ်ခေါ် ကျင်းပပြုလုပ်ကာ အဖြေရှာခဲ့ပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုတင်ပြလာသော အချက်များထဲမှအချို့ကို ကောက်နုတ်ရမည်ဆိုလျှင် အရည်အသွေးပြည့်ဝသော ဆရာ ဆရာမနှင့် ကျောင်းသား အချိုးအစား မျှတမှုရှိစေလိုခြင်း၊ ကျောင်းသားများကို စူးစမ်းတီထွင်လို၍ မေးခွန်းမေးတတ်သော သင်ကြားနည်းမျိုးဖြင့်သင်စေခြင်း (Student Centred Approach)၊ ဘွဲ့ကြိုကာလနှစ်များကို ဖောင်ဒေးရှင်းအပြည့်အဝရစေရန် ယခုသင်ကြားပေးနေသော ကာလထက် တစ်နှစ်ပိုမိုသင်ကြားပေးစေခြင်း၊ ကျူရှင်ပေးသောစနစ်သည် မလိုလားအပ်သော ကုန်ကျစရိတ်ရှိလာ၍ မှီခိုလိုသောစိတ်ဓာတ်ကို မွေးမြူပေးသည့် စနစ်ဖြစ်သည့်အတွက် မလိုအပ်ခြင်း၊ နောက်ဆက်တွဲစာမေးပွဲစနစ် (Supplementary Exam) သည် ကျောင်းသားများကို နှစ်စကပင် စာကြိုးစားလိုစိတ်လျော့စေခြင်း၊ နိုင်ငံတွင် မပါလျှင်မပြီးသော English Language Skill အားနည်းနေခြင်း၊ သုံးနှစ်အတွင်း မဟာဘွဲ့နှစ်ခုရနိုင်သော စနစ်ကို ရှောင်ရှားရန် လိုအပ်ခြင်း၊ သုတေသနပြုလုပ်ရာတွင် ကိုယ်တိုင်အားထုတ်လိုစိတ်နည်းပါး၍ ဆရာများ အပေါ်သာ မှီခိုအားထားမှုများ များပြားလာခြင်း၊ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များပိုမိုဖွင့်လှစ်ခွင့်ပေးရန် လိုအပ်ခြင်း၊ ပညာသင်ဆုနှင့် ပညာသင် ထောက်ပံ့ကြေးစနစ်ကို ပြန်လည်ကျင့်သုံးစေလိုခြင်းတို့ ဖြစ်ပါကြောင်း။

တက္ကသိုလ်ဆိုသည်မှာ ရောင်စုံပန်းများပွင့်လန်းရာ ဥယျာဉ်ကြီးနှင့် တူပါကြောင်း၊ ထို့အတူ တက္ကသိုလ်ဆရာ ဆရာမများသည် ပန်းဥယျာဉ်မှူးများနှင့် တူပါကြောင်း၊ ပန်းအမျိုးပေါင်း (၁၀၀)မက ဝေဝေဆာဆာပွင့်ဖူးလာပါမှ စည်ပင်သာယာလှပသော ဥယျာဉ်ကြီးဖြစ်လာနိုင်မည်ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ထိုသို့ ဖြစ်လာစေရန် ဥယျာဉ်မှူး ဆရာ ဆရာမများက မျှတစွာမြင်နိုင်ကြ၍ နိုင်ငံတော်၏ ရည်မှန်းချက်များဖြစ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကာယ၊ ဉာဏ၊ မိတ္တထူးချွန်သူ လူချွန်လူကောင်းများ ပေါ်ထွက်လာရေး၊ နိုင်ငံတကာ အဆင့်မီ ပညာရေးအဆင့်အတန်းပေါ်ပေါက်လာရေး ဝိုင်းဝန်းကြိုးပမ်းပေးကြစေလိုပါကြောင်း။

နိုင်ငံတော်ကလည်း ပညာသင်ဆုများ၊ ထောက်ပံ့ကြေးများသာမက ပညာရေးဝန်ထမ်းများအတွက် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာရေး ဆောင်ရွက်ချက်များကို အချိန်အခါပေးလျှင်ပေးသကဲ့သို့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပင်မစာသင်ဆောင်၌ ခင်းကျင်းပြသထားသည့် တက္ကသိုလ်ရှိ ဘူမိဗေဒဌာန၊ ရုက္ခဗေဒဌာန၊ ဇီဝဗေဒဌာန၊ ရူပဗေဒဌာန၊ ဓာတုဗေဒဌာန၊ ရှေးဟောင်းသုတေသနပညာဌာန၊ မနုဿဗေဒဌာန၊ ဥပဒေပညာဌာနနှင့် အင်္ဂလိပ်စာဌာနတို့မှ သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် သုတေသနကျမ်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ ကျောဖုံးမှ

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၉၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ (၁ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၉၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် အထက် ၄၉ စင်တီမီတာ (၁ ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ဝေန်မြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၅၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ ***(သတင်းစဉ်)***

ကြီးကြပ်ဆောင်ရွက်

ဒေးဒရဲမြို့အဝင် မြေယာရှင်းလင်းပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ ဦးဖေဝင်းသူတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ဓဇဂ္ဂသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ဘဂ်ဉာဏ်မှ နိဗ္ဗာန်စခန်း** တရားတော် (ဆရာတော် ဘဒ္ဒန္တကဥ္စနသာရ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၇၈)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၀)
၈:၅၀	သဒ္ဒါကြည်ဖြူကုသိုလ်ယူ သက္ကလနယ်မှ ရှင်(၁၀၈)ပါး ရှင်ပြုအလှူ
၉:၀၅	မွေးနေ့အလှူကုသိုလ်ယူ
၉:၂၀	Activities in the City (အင်းစိန်အကျဉ်းဦးစီးဌာန၏ အလယ်တန်းကျောင်းတိုးမြှင့်ဖွင့်လှစ်ပွဲ)
၉:၃၀	ဤကမ္ဘာမြေပေါ်တစ်လွှားဝယ် (ဆရာဦးအုန်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၉:၅၅	ရန်ကုန်မြင်ကွင်းကျယ် [ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မိုးကုတ်ဝိပဿနာ)]
၁၀:၂၀	JAPAN VIDEO TOPICS (Technology Inspired by Tradition)
၁၀:၂၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၁၀:၅၅	The Champion of Dance
၁၁:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅	တင့်တယ်လှပခြင်းတို့ဖန်တီးပေးသူ [တိုးတိုး(ဝတ်စုံဒီဇိုင်းနှင့် မိတ်ကပ်ထူးချွန်ပညာရှင်)] (အပိုင်း -၂)
၁၂:၄၀	ပန်းတစ်ပွင့်တောင်မှ ကြည်နူးဖွယ်ဒါနနှင့်သာဓုခေါ်သံများ
၁:၀၀	**ဘဂ်ဉာဏ်မှနိဗ္ဗာန်စခန်း**တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Quiz Idol
၃:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၇၈)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၀)
၅:၀၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ သိင်္ဂါရဆောင်းသစ္စာ
၅:၂၅	Activities in the City **သေချာလို့ပြောတာပါ** တေးစီးရီးမိတ်ဆက်ပွဲအခမ်းအနား
၅:၄၀	MRTV-4 7th Anniversary ကြိုတင်ပြင်ဆင်နေမှုများ
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ**(အပိုင်း -၇၉)
၇:၀၅	Style ရှိမှ Star ဖြစ်မယ်
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း **တပည့်မွေးတာကောင်းတယ်၊ တပည့်မမွေးတာကောင်းတယ်**
၉:၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ မာယာမျဉ်းပြိုင် (အပိုင်း-၂၁)
၁၀:၃၀	14th FINA WORLD CHAN PIONSHIPS SHANGHAI 2011
၁၁:၃၀	အနုပညာမိုးကောင်းကင်
၁၁:၅၀	"ရွှေဖြူ" ဟု ခေါ်သည် (အပိုင်း -၂)
၁၂:၁၅	ခေတ်ပုံထဲမှ အမှတ်တရများ (အေသင်ချိုဆွေ)
၁၂:၃၅	လှပဝင့်ထည်၊ မြန်မာ့ကြိမ်ထည်
၁၂:၅၅	Celebrity Profile (Lee Byaung Hun)
၁:၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး)
၁:၅၀	Shooting Location (ဇီဇဝါခြံ)
၂:၁၀	**ကလေးများအတွက်အကောင်းဆုံး** ရီဝေယံ၊ မင်းရာဇာ၊ ပန်းဖြူ၊ ဖြိုးသူရကျော် (ဒေါက်တာ-မင်းစိုးသီဟ)
၂:၂၅	လှပချစ်စရာလက်မှုအနုပညာ (Love Flower)
၂:၅၀	ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင်
၃:၁၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘုတ်ဘုတ်)
၃:၃၅	မြင့်မြတ်စိတ်ထား ALKIKEN အားကစား
၄:၀၅	တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၄:၃၀	တရားဓမ္မများ ပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄:၅၀	ကလောမှာထင်ရှား ရွှေဥမင်ဘုရား
၅:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နည်းပညာရှင်၊ ကွန်ပျူတာပညာရှင်၊ အင်ဂျင်နီယာများနှင့် ဇီဝနည်းပညာရှင်များ သင်ကြားတတ်ကျွမ်းထားသော အသိပညာများဖြင့် သုတေသနလုပ်ငန်းရလဒ်များ အသုံးချ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ဖြစ်လာစေရန် သယ်ပိုးထမ်းရွက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဌာနများ၏ သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စမ်းသပ်ထုတ်လုပ်ထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်သို့ ရောက်ရှိသည်။

ရှင်းလင်း

ထို့နောက် ပင်မစာသင်ဆောင် စုဝေးခန်းမ၌ ဒုတိယသမ္မတအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးက ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများအနက် မော်တော်ကားအင်ဂျင်များ သုတေသနပြုထုတ်လုပ်မှု အဆင့်ဆင့်နှင့် စမ်းသပ်မောင်းနှင်မှု၊ Locomotive Engine Head၊ Computer Numerical Control စက်များနှင့် GMW Francis Turbine များ စမ်းသပ်ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ဆက်လက်၍ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်မြမြဦးက ဇီဝနည်းပညာဌာနမှ သုတေသနဆောင်ရွက်မှုလုပ်ငန်းများနှင့် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် မြေပေါ်မြေအောက် ရေအောက် သဘာဝသယံဇာတ ပေါများကြွယ်ဝသည့်အလျောက် ယင်းသယံဇာတများကို စီးပွားဖြစ်ထုတ်ယူ အသုံးပြုနိုင်ရန် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များဖြစ်ကြသော နည်းပညာရှင်များ၊ သုတေသနပညာရှင်များနှင့် အင်ဂျင်နီယာများ အလုံအလောက်ရှိရန်သည် အထူးအရေးပါနေကြောင်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယင်းပညာရှင်များကို ယခုရောက်ရှိနေသည့် နည်းပညာတက္ကသိုလ်ကပင် မွေးထုတ်ပေးရမည် ဖြစ်ပါကြောင်း။

ပြောင်းလဲတိုးတက်

သတင်းအချက်အလက်နည်းပညာရပ်များ တိုးတက်မြင့်မားလာသည်နှင့်အမျှ အဆင့်မြင့် ဆက်သွယ်ရေးနည်းပညာများသည်လည်း ပြောင်းလဲတိုးတက်နေသည့်အတွက် ကမ္ဘာတစ်ဝန်းရင်ပေါင်တန်းနိုင်ရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ အီလက်ထရွန်နစ်ဆိုင်ရာ အဆင့်မြင့် အင်ဂျင်နီယာဘာသာရပ်များလည်း ပြောင်းလဲတိုးတက်ရမည် ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို စက်မှုနိုင်ငံအဖြစ် တည်ထောင်ရာတွင်လည်း ခေတ်မီစက်ပစ္စည်းများ၏ အရည်အသွေးနှင့်စက်ပစ္စည်းများကို ထိန်းချုပ်နိုင်ရန် နည်းပညာကျွမ်းကျင်မှုများလည်း လိုအပ်လျက်ရှိပါကြောင်း၊ ကွန်ပျူတာပညာရပ်၊ ICT ပညာရပ်နှင့် စက်မှုပညာရပ်များအပြင် ဇီဝနည်းပညာရပ်တို့မှ သုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာလုပ်နိုင်မှသာ အကျိုးစီးပွား ဖြစ်ထွန်းနိုင်မည် ဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များနှင့်လည်း ထိရောက်စွာ ပေါင်းစပ်အသုံးချမှသာလျှင် အကျိုးဖြစ်ထွန်းမည် ဖြစ်ပါကြောင်း။

စစ်တမ်းများအရ GDP မြင့်မားသည့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် သိပ္ပံနှင့်နည်းပညာ ပညာရှင်အချိုးမြင့်မားနေသည်ကို တွေ့ရမည်ဖြစ်ပြီး ပညာရှင်အချိုးနည်းသည့် နိုင်ငံများ၌ GDP နည်းသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် လက်ရှိဖွံ့ဖြိုး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဌာနများ၏ သုတေသနလုပ်ငန်းဆောင်ရွက်ချက်များနှင့် စမ်းသပ်ထုတ်လုပ်ထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တိုးတက်မှု အရှိန်အဟုန်ကို တိုးမြှင့်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံတော်ဖြစ်လာစေရန် ကြိုးပမ်းသွားရမည် ဖြစ်ပါကြောင်း။

ဖန်တီးရယူ

ယနေ့ခေတ်သည် IT ခေတ်ဖြစ်သဖြင့် ကမ္ဘာကြီးသည် ကမ္ဘာ့ရွာဖြစ်လာသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သဘောထားအယူအဆများလည်း ပြောင်းလဲလာပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံ တော်တော်များများသည် IT Out- Sourcing များဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးရယူနိုင်ခဲ့ကြခြင်းဖြစ်ပြီး နိုင်ငံတကာ အတွေ့အကြုံများကိုရယူ၍ မိမိတို့လည်း ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုများကြောင့် အောင်နိုင်ခြင်း၊ တိုးတက်ခြင်းရလဒ်၏ သာဓကတစ်ခုကို ကြည့်မည်ဆိုလျှင် စင်ကာပူသည် လူဦးရေ လေးသန်းမျှသာရှိသည့် ကျွန်းနိုင်ငံလေးသာဖြစ်သော်လည်း နည်းပညာကို အကျိုးရှိစွာ အသုံးပြုနိုင်သည့်အတွက် ဖွံ့ဖြိုးသောနိုင်ငံအဖြစ်သို့ ရောက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံကို စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် တီထွင်ဆန်းသစ်မှုများကိုလည်း အစဉ်တစိုက် အကောင်အထည်ဖော်နိုင်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် အံဝင်ခွင်ကျဖြစ်ရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အထိ ဤတက္ကသိုလ်ကြီးက လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ခဲ့ရာတွင် ဒီပလိုမာ၊ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့၊ အင်ဂျင်နီယာများ၊ ကွန်ပျူတာ

ပညာရှင်များအပြင် အသုံးချ သိပ္ပံပညာရှင်များကို များစွာ မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်အထိ ပါရဂူဘွဲ့ရဦးရေသည် ၁၅၀၀ ခန့်နှင့် မဟာဘွဲ့ရပညာရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ နည်းပညာရှင်၊ ကွန်ပျူတာပညာရှင်၊ အင်ဂျင်နီယာများနှင့် ဇီဝနည်းပညာရှင်များသည် မိမိတို့သင်ကြားတတ်ကျွမ်းထားသော အတတ်ပညာ၊ ဆည်းပူးထားသော အသိပညာများဖြင့် ထိရောက်အသုံးဝင်သည့် သုတေသနလုပ်ငန်းရလဒ်များကို အသုံးချပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်လာစေရန် သယ်ပိုးထမ်းရွက်သွားကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ မန္တလေး နည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)၊ ဗဟိုစက်မှုအလုပ်ရုံ (ကျောက်ဆည်)နှင့် သတ္တုဗေဒ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာန (အေလာ)တို့၏ သုတေသနလုပ်ငန်းဆောင်ရွက်ချက်များနှင့် စမ်းသပ်ထုတ်လုပ်ထားမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပေါင်းစည်းလယ်ယာ

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စုရှိ တောင်သူဦးတင်ယု၏ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းသို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်းက ဧရိယာ ၇ ဒသမ ၂၃ ဧကရှိ လယ်မြေ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွဲဖက်၍ တစ်ပြိုင်တည်း ပေါင်းစပ်ဆောင်ရွက် နေမှု၊ ကုန်ကျစရိတ်၊ အကျိုးအမြတ်နှင့် ဝင်ငွေရရှိမှု၊ တစ်နှစ်လျှင်မိုးစပါး၊ ကုလားပဲနှင့် နွေစပါး သုံးသီးစိုက်ပျိုး ထုတ်လုပ်အောင်မြင်နေမှု၊ မှိုစိုက်ပျိုးထုတ်လုပ်မှု၊ ဝက်၊ ဆိတ်၊ ကြက်နှင့် ငါးမွေးမြူထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

စည်းရုံးဆောင်ရွက်

ထို့နောက် ဒုတိယသမ္မတသည် တောင်သူ ဦးတင်ယုအား တွေ့ဆုံအားပေးစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် လက်တွေ့အောင်မြင်နေသောလုပ်ငန်းဖြစ်၍ အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ လုပ်ကိုင်လာစေရေး စည်းရုံးဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးရန်၊ မန္တလေးတိုင်းဒေသကြီးအတွင်း သူ့နေရာ၊ သူ့ရွာအလိုက် သင့်တော်သည့် လယ်၊ ယာ၊ ခြံ၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ငါး မွေးမြူစိုက်ပျိုးခြင်းတို့ကို တကယ် လက်တွေ့ကျကျ လုပ်နိုင်စေရန် လိုအပ်သော မျိုး၊ နည်းပညာအကူအညီ၊ လိုအပ်သော ငွေကြေးပံ့ပိုးမှု၊ ထုတ်ချေးမှုတို့ကို ကျေးရွာတိုင်းအထိ ကွင်းဆင်းဆောင်ရွက်ရန်နှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုအတွက် ဒေသခံရွာများမှ ကျေးလက်ကျန်းမာရေးလုပ်သား၊ အရန်သားဖွားများဖြင့် စတင်ဆောင်ရွက်ပေးရန်၊ ကျေးရွာ မီးလင်းရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ပီပြင်စွာ လုပ်ဆောင်သွားရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ရေကြည်ကျေးရွာမှ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အသေးစားချေးငွေလုပ်ငန်း ထူထောင်၍ ကျေးလက်ဒေသနေ ဆင်းရဲနွမ်းပါးသူများ၏ လူနေမှုဘဝကိုမြှင့်တင်ပေးရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယသမ္မတသည် မှိုစိုက်ပျိုးထုတ်လုပ်နေမှု၊ တီကျစ်ကန်ဖြင့် သဘာဝမြေဩဇာ ထုတ်လုပ်နေမှု၊ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဆက်

နေပြည်တော် ဇူလိုင် ၂၇

၂၀၁၁ခုနှစ်ပဉ္စမအကြိမ်နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာ အသီးသီး၌ ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

ယနေ့ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းကို သုံးဂိုး - နှစ်ဂိုးဖြင့်လည်းကောင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်းတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက အားကစားဝန်ကြီးဌာနအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး -နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစားမည်

ဇူလိုင် ၂၈ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်းတွင် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာစီနီယာပီဂျီအေတို့ ပူးပေါင်းကျင်းပမည့် မြန်မာစီနီယာပီဂျီအေဂေါက်သီးရိုက်ပြိုင်ပွဲများအတွက် လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲများကို ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌လည်းကောင်း၊ ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း) ၌လည်းကောင်း ကျင်းပမည်ဖြစ်ရာ အဆိုပါ လက်ရည်စစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အပျော်တမ်းအဆင့် (H'Cap 0-14) ရှိ အမျိုးသားအားလုံးသည် ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက် (၅၀) ပြည့်ပြီးသူများသာဖြစ်ရန် လိုအပ်ကြောင်းနှင့် လက်ရည်စစ်ပွဲ အောင်မြင်သူများသည် မြန်မာစီနီယာပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

စာရင်းပေးသွင်းနိုင်

မန္တလေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ရန်ကုန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍လည်းကောင်း ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၂၀၃၇၆၇၁၊ ၀၁-၆၅၁၃၇၄နှင့် ပြိုင်ပွဲကျင်းပမည့် ဂေါက်ကွင်းတို့၌ အမည်စာရင်းများ ပေးသွင်းနိုင်သည်။ **(မြန်မာ့အလင်း)**

တောင်ဥက္ကလာပမြို့နယ်၌ ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

တောင်ဥက္ကလာပမြို့နယ်၌ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက်က ဟသ်ာလမ်း ကေသရာဇာအားကစားကွင်းတွင် ကျင်းပရာ အခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စတင်ကျင်းပ

ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးကျော်စိုးက ရပ်ကွက်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများကို စတင်ကျင်းပခဲ့ကြောင်း သိရှိရသည်။ (၀၂၃)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး မုံရွာမြို့ ချင်းတွင်းမြစ် တာရိုးတစ်လျှောက် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မုံရွာမြို့ ကျေးရွာများ ချင်းတွင်းမြစ်ရေ ဝင်ရောက်မှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ချင်းတွင်းမြစ် တာရိုးတစ်လျှောက် မြစ်ရေစီးဆင်းမှု၊ ရေကင်းများ စနစ်တကျချထားမှု၊ မုံရွာ-အမြင့် ကျေးလက်လမ်းတစ်လျှောက်ရှိ ကျေးရွာများ ချင်းတွင်းမြစ်ရေဝင်ရောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်း (၆/၂၀၁၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးထွေးက အမှာစကားပြောကြားပြီး နာဂစ်မုန်တိုင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး မှတ်တမ်းဗီဒီယိုခွေကို ပြသသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်ရက် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၂၇

ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မင်္ဂလာဒုံမြို့နယ် အထူးကုဆေးရုံကြီး၌ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီကကျင်းပရာ အခမ်းအနားတွင် မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက အထူးကုဆေးရုံအုပ်ကြီး ဒေါက်တာ စိုးထွန်းအောင်ထံ အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းပြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်

ထို့နောက် ဆေးရုံ၌တက်ရောက်ကုသနေသော လူနာများအတွက် အစားအသောက်အာဟာရများကို မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မင်္ဂလာဒုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီမော်တို့က ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (အောက်ဝဲပုံ) (၀၁၄)

ဆောင်ရွက်

မြောင်းမြမြို့(၈)လမ်း၌ ရေစီးရေလာ ကောင်းမွန်ရေးအတွက် လမ်းပြွန်ပေါက်ပိတ်ဆို့မှုကို အမှုဆောင်အရာရှိ ဦးမောင်တိုးကြီးကြပ်လျက် အငယ်တန်းအင်ဂျင်နီယာ-၂ဦးခင်ဇော်၊ ဦးစီးအရာရှိ ဦးအောင်သူဝင်းနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ငရုတ်ကောင်းမြို့၌ဆောင်ရွက်

ငရုတ်ကောင်း ဇူလိုင် ၂၇

ငရုတ်ကောင်းမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ခြင်ဆေးခတ်ခြင်း လုပ်ငန်းများကို ဇူလိုင် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံ ဦးဝင်းဇော်ထွန်းနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၂၇

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့်(၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများသောကာလသို့ ရောက်ရှိပြီဖြစ်၍ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၂၇ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့်(၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄)နှင့်(၅)အကြားမှ လည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိ၍ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ရေလမ်းတွင် နေ့အခါ အစိမ်းရောင်တြိဂံ အမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါမီးနီထွန်းပြသထားမည်။

ပြောင်းလဲမည့်ရေလမ်းမှာ တံတား၏အထက်ဘက်ရှိ ယောချောင်းနှင့် နီးကပ်စွာ ဖြတ်သန်းရမည်ဖြစ်၍ ယောချောင်းရေကျချိန်ကို အထူးဂရုပြုရန်လိုအပ်ပြီး ရေယာဉ်များအနေဖြင့် ယောချောင်းရေကျချိန်တွင် လုံးဝဖြတ်သန်းခြင်းမပြုရန် သတိပေးနှိုးဆော်ထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေးနှင့် မှုခင်းသတင်း

တဲပေါ်မြေပြိုကျသဖြင့် ခြောက်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ ရှိ

ရမည်းသင်း ဇူလိုင် ၂၇

ရမည်းသင်းမြို့ အရှေ့တောင်ဘက် မိုးထိမိုးမိဒေသ ကျောက်စရစ်တောင်ကုန်းတွင် ဇူလိုင် ၂၁ရက် နံနက် ၁၀နာရီက မိုးသည်းထန်စွာ ရွာသွန်းသဖြင့် တောင်စောင်းလျှိုထဲတွင် ထိုးထားသောတဲများပေါ်သို့ မြေများပြိုကျကာ တဲများအတွင်းနေထိုင်ကြသော အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦး ပေါင်း ခြောက်ဦးသေဆုံးကြပြီး အမျိုးသားနှစ်ဦးမှာ ဒဏ်ရာများရရှိကာ ရမည်းသင်း ဆေးရုံတွင် ဆေးကုသလျက်ရှိသည်။

သေဆုံးဒဏ်ရာရသူများ

မြေပြို၍ သေဆုံးသူများမှာ ဝင်းလွင် ၃၇ နှစ်(ဘ)ဦးဘိုကော၊ စောမောင်သင်း အသက် ၂၀ (ဘ) ဦးဝင်းမြင့်၊ မျိုးငြိမ်းထွန်း ၂၉ နှစ် (ဘ)ဦးစောဝင်းသိန်း၊ မရီရီချို ၂၃ နှစ် (ဘ)ဦးရွှေမောင်၊ မဒွေးလှိုင် အသက် ၂၀ (ဘ)ဦးထွန်းဦး၊ မတင်တင်ခိုင် အသက်၂၀ (ဘ) ဦးမြင့်ခိုင်တို့ဖြစ်ကြပြီး ဒဏ်ရာရသူနှစ်ဦးမှာ ကိုအောင်ကျော်မင်း ၂၄ နှစ်(ဘ) ဦးအောင်သန်းနှင့် ဦးချစ်တင် ၄၁ နှစ် (ဘ)ဦးသန်းညွန့်တို့ ဖြစ်ကြကြောင်း သိရှိရသည်။ (၀၁၁)

မိတ္ထီလာ၌ ဆိုင်ကယ်အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

မိတ္ထီလာ ဇူလိုင် ၂၇

မိတ္ထီလာမြို့ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအနီးတွင် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီ ၅၀ မိနစ်က ဆိုင်ကယ်စီးလာသူတစ်ဦး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ကာ သတိမေ့လျော့ ထိခိုက်မှုဖြစ်ပွားကြောင်း သိရှိရသည်။ ဖြစ်ပွားပုံမှာ အမည်မသိသေးသူတစ်ဦး မောင်းနှင်လာသည့် လော့ဂျာဆိုင်ကယ်အနက် ၁၂ယ/ . . . သည် ရန်မျိုးအောင်ရပ်ကွက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအနီးတွင် ရှေ့မှ ဆိုင်ကယ်တစ်စီးအား ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ခဲ့သည်။ ဆိုင်ကယ်မှာ ကားလမ်းအလယ်တွင်ကျန်ရစ်ပြီး ဆိုင်ကယ်မောင်းနှင်သူမှာ လွင့်စဉ်၍ သတိမေ့လျော့ကာ ဒဏ်ရာများ ရရှိသွားသည်။

ဆိုင်ကယ်တိမ်းမှောက်၍ ထိခိုက်ဒဏ်ရာရရှိသူအား အရေးပေါ်ပြင်ပလူနာဌာနတွင် ကုသလျက်ရှိပြီး ၎င်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ (၄၃၅)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၇

စာကြည့်တိုက်အဆောက်အအုံသစ် ဖျာပုံမြို့နယ်၌ဖွင့်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဂျိဝါတလွန်ကျေးရွာအုပ်စု ဂျိဝါတလွန်ကျေးရွာ၌ မိတ်ဆွေမွန် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်၊ ပရိဘောဂနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာလွင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မျိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က သုတ၊ ရသ စာအုပ် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးက လည်းကောင်း၊ ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းက သုတ၊ ရသစာအုပ် ၁၅၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးလှမင်းကလည်းကောင်း၊ စာကြည့်တိုက်အတွက် ပရိဘောဂပစ္စည်းများကို အလှူရှင် ဒေါ်ဝင်းရီက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးရွှေကလည်းကောင်း၊ စာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ်တစ်သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မျိုးက ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်က လည်းကောင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

28-7 (10).pmd 1 7/28/2011, 2:53 AM

MINAMI TOURS

ခရီးစဉ်အမျိုးမျိုးနှင့်
အချိန်ပိုင်းမြို့တွင်း၊မြို့ပြင်၊
လချုပ်၊နှစ်ချုပ်ငှားရန်
ကားမျိုးစုံ ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း
ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၁-၅၂၆၇၀၇၊ ၀၉-၅၁၇၂၂၅၆

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၆၊ မြေကွက်အမှတ် ၃၄/က၂၊မြေကွက်တည်နေရာ၈/၂၄၁-B၊ ရွှာလယ်လမ်း၊ ၈/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် မမိုးအမည်ပေါက် လ/န ၃(ခ) မြေအား မမိုးကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်-၁၀၄/၈၇(မိတ္တူမှန်)၊ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်-၁၉၀၂/၉၅(မိတ္တူမှန်)၊ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်-၃၉၁၃/၂၀၀၂(မိတ္တူမှန်)၊ မြေကွက်ကြီးရောင်းစာချုပ်- ၄၃၈၆/၀၂ / ၂၄/၁၀/၀၂ ဖြင့် ဒေါ်သန်းမြင့်၁၂/သဃက(နိုင်)၀၄၆၇၀၈က တိုင်းစွဲ-အတည်ပြုပုံစံ တင်ပြ၍ အမှားပြင်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ခြံနှင့်အိမ်အမြန်ရောင်းမည်

မြောက်ဒဂုံ၊ တပင်ရွှေထီးလမ်းမကြီးပေါ်ရှိ ပေ(၈၀×၈၀) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC နှစ်ထပ်တိုက်သစ်၊ 5 Master Bed Room၊ ရေ၊ မီး၊ ဖုန်းအပြည့်အစုံ၊ ကားဂိုဒေါင်၊ မြက်ခင်း၊ ရေကူးကန်နှင့် လူနေရန်အသင့် တိုက်အသစ် ဦးသူရမည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၈၀၁၀၅၆၇၊ ၀၉-၇၃၀၇၈၈၄၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၈၅/ခ)၊ အလျားပေ၂၀× အနံပေ၅၀ရှိ နှစ်၆၀ဂရန်မြေအမျိုးအစား အမှတ် (၁၈၅/ခ)၊ သုဓမ္မာလမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော မြေကွက်အား အမည်ပေါက်ဒေါ်မြဝင်း ၁၂/လမတ(နိုင်)၀၂၉၄၃၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက စာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်ဝင်းမြင့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၂)
တိုက် ၅၊ အခန်း(C-1)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၀၈၅၈

အများသိသာရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅အီး၊မြေကွက်အမှတ်- ၆၂အယ်လ် / ၂ဘီ ၏ မခွဲစိတ်ရသေးသောအနောက်ခြမ်း၊ ဧရိယာပေ(၄၀×၇၀)၊ အမှတ်၈၂-၈၃၊ ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်တွင် တည်ဆောက်ပြီးစီးသော ရှစ်ထပ်တိုက်၏ မြေညီထပ်၊ (ညာ)ခေါင်းရင်းဘက်အခန်း၊ ဧရိယာ ၁၇ဒသမ၅ပေ×၆၅ပေ ပိုင်ရှင် ဦးတင်လှ ၁၂/တမန(နိုင်)၀၅၄၅၂၇ထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပါသည်။ ၄င်းတိုက်ခန်းသည် ဦးတင်လှက ဦးလှမျိုး ၁၂/တမန(နိုင်)၀၁၃၇၅၅ (ကန်ထရိုက်တာ) ထံမှဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc,D.A,R.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၃၃ (၁၅/ဆ)၊ မြေကွက်တည်နေရာ၂၇၊ ရတနာမဏ္ဍုလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ မောင်ဘသောင်းအမည်ပေါက် L ဂရန် သက်ကုန်မြေအား အမည်ပေါက် ဖခင်ဦးဘသောင်း၊ မိခင်ဒေါ်ခင်ကြည်တို့ကွယ်လွန်သဖြင့် (၁) ဒေါ်မြသိန်း ၁၂/သဃက(နိုင်)၁၂၀၉၅၂၊ (၂)ဒေါ်အေးသိန်း ၁၂/သဃက(နိုင်)၁၂၀၉၅၃၊ (၃)ဦးဝင်းဆွေ ၁၂/သဃက(နိုင်)၀၇၂၄၁၈၊ (၄)ဒေါ်အုန်းသိန်း ၁၂/သဃက(နိုင်)၁၂၀၉၅၅၊ (၅) ဦးသန်းဆွေ ၁၂/သဃက(နိုင်)၀၇၂၁၄ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားခြင်းအတွက် ကန့်ကွက်လိုပါက အထောက်အထား၊ စာရွက်စာတမ်းများဖြင့် ၁၅ ရက်အတွင်း သက်ဆိုင်ရာရုံးတွင် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မှတ်ပုံတင်စာအုပ်မိတ္တူအား ထုတ်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	ယာဉ်အမှတ်	အမျိုးအမည်	အမျိုးအစား	ယာဉ်လက်ဝယ်ရှိသူအမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	မှတ်ပုံတင်ရုံး
၁	၁ဟ/၃၃၅၁	လိုက်ဖန် ၁၇၅	သုံးဘီးဆိုင်ကယ်	ဦးသန်းမြင့်	၁/မကန(နိုင်)၁၄၁၃၇၁	မ·ပ·ခ မြစ်ကြီးနားမြို့။	ပြည်နယ်ရုံး (မြစ်ကြီးနား)
၂	၄က/၅၁၆၉	တိုယိုတာဟိုင်းလပ်	ပစ်ကပ်	ဒေါ်မြင့်မြင့်အေး	၁/ဝမန(နိုင်)၀၂၉၅၆၈	၂၃၅၊ ကျွန်းပင်သာ၊ မြစ်ကြီးနားမြို့။	ပြည်နယ်ရုံး (မြစ်ကြီးနား)
၃	၇ယ/၃၂၃၄၆	အိတ်ဂျီရှေအို	ဆိုင်ကယ်	ဒေါ်သင်းသင်းအေး	၁/မတန(နိုင်)၀၁၄၀၀၄	ဆလအ(၉၅၂)၊မြစ်ကြီးနားမြို့။	ပြည်နယ်ရုံး (မြစ်ကြီးနား)
၄	၅ဂ/၄၁၆၅	တိုယိုတာဟိုင်းလပ်	ပစ်ကပ်	ဦးစောအောင်ချစ်	၃/လဘန(နိုင်)၀၅၁၉၁၀	ပိတောက်မြိုင်ရပ်ကွက်၊ မြိုင်ကြီးငူ၊ လှိုင်းဘွဲ့မြို့။	ပြည်နယ်ရုံး (ဘားအံ)
၅	ပခ/၅၅၀၆	ဟွန်ဒါ	ဆိုင်ကယ်	ဦးဝင်းမြင့်	၇/အတန(နိုင်)၀၀၃၅၃၈	မဲကုန်းအုတ်တွင်း။	ခရိုင်ရုံး (တောင်ငူ)
၆	စက/၁၆၀၃၁	ဂျာလင်း ၉၀	ဆိုင်ကယ်	ဒေါ်မြမြ	၅/စတန(နိုင်)၀၂၇၆၈၆	ပန်းဘဲတန်း၊ စစ်ကိုင်းမြို့။	ခရိုင်ရုံး (စစ်ကိုင်း)
၇	စက/၁၅၃၆၃	ကန်ဘို ၁၁၀	ဆိုင်ကယ်	ဦးကျော်ဝင်း	အက်စ်ဂျီဂျီ-၀၆၉၉၇၇	မြင်းဆည်၊ စစ်ကိုင်းမြို့။	ခရိုင်ရုံး (စစ်ကိုင်း)
၈	၂ယ/၈၁၆၂၅	ဟိုင်းဘတ်	ဆိုင်ကယ်	ဒေါ်သီတာစိုး	၅/စကန(နိုင်)၀၂၀၃၁၂	တကောင်းရပ်၊စစ်ကိုင်းမြို့။	ခရိုင်ရုံး (စစ်ကိုင်း)
၉	၁ဟ/၃၄၄၃	လိုက်ဖန် ၁၁၀	သုံးဘီးဆိုင်ကယ်	ဦးစိုးမင်းဝင်း	၁/မကန(နိုင်)၀၀၉၉၇၉	၈၁၂၊တပ်ကုန်း၊မြစ်ကြီးနားမြို့။	ပြည်နယ်ရုံး (မြစ်ကြီးနား)
၁၀	ထ/၂၁၁၇	တိုယိုတာဟိုင်းလပ်	ပစ်ကပ်	ဒေါ်သန်း	၁၃/တကန(နိုင်)၀၉၇၂၉၄	၁၉၅၊ ဇောတိကလမ်း၊မင်္ဂလာဦးရပ်၊တောင်ကြီးမြို့။	ပြည်နယ်ရုံး (တောင်ကြီး)
၁၁	၆ယ/၁၈၂၉၉	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဒေါ်နန်းခမ်းပြုး	၁၃/ဟပန(နိုင်)၀၈၀၁၀၉	မင်းလမ်းမြို့ဦးကွက်သစ်၊ ဟိုပုံးမြို့။	ပြည်နယ်ရုံး (တောင်ကြီး)
၁၂	တက/၇၆၇၁၉	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဒေါ်ဆုမြတ်မွန်	၁၃/တကန(နိုင်)၂၀၉၈၁၆	၂၆၉၊ပြည်တော်သာရပ်၊ တောင်ကြီးမြို့။	ပြည်နယ်ရုံး (တောင်ကြီး)
၁၃	၉ယ/၇၂၃၈၃	ဟွန်ဒါဝေဗ့်	ဆိုင်ကယ်	ဦးမျိုးဇော်လတ်	၇/ပခန(နိုင်)၁၉၈၁၂၂	ပဲခူးမြို့။	တိုင်းဒေသကြီးရုံး (ပဲခူး)
၁၄	၉ယ/၇၀၇၁၈	ဟွန်ဒါဝေဗ့်	ဆိုင်ကယ်	ဦးစိုးလွင်	၇/ပမန(နိုင်)၀၀၇၁၄၉	ဝေါမြို့နယ်။	တိုင်းဒေသကြီးရုံး (ပဲခူး)
၁၅	မလမ/၅၄၀၆၉	ကန်ဘိုဝေဗ့် ၁၂၅	ဆိုင်ကယ်	ဦးကျော်သူ	၅/ဘတလ(နိုင်)၀၁၈၀၁၀	ထောက်/ပို့တပ်ဆွယ်၊သထုံမြို့။	ခရိုင်ရုံး (သထုံ)
၁၆	မက/၃၁၆၇	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဒေါ်ဖြူဖြူမြင့်	၅/ဝသန(နိုင်)၀၀၄၉၂၉	အမှတ် ၁၂၆၊စိုးကောမင်းရပ်၊မကွေးမြို့။	တိုင်းဒေသကြီးရုံး (မကွေး)
၁၇	မက/၁၆၀၃၇	ရင်စင်း ၁၁၀	ဆိုင်ကယ်	ဒေါ်ယုယုမာ	၈/မကန(နိုင်)၁၅၁၅၈၀	၁၂၅၊၁လမ်း၊ ဆားစည်ရပ်၊မကွေးမြို့။	တိုင်းဒေသကြီးရုံး (မကွေး)
၁၈	မက/၄၉၉၃	ကန်ဘို ၁၁၀	ဆိုင်ကယ်	ဦးသက်နိုင်ဝင်း	၈/မကန(နိုင်)၁၂၃၂၈၄	၇၉၊တိုင်းလုံးအောင်လမ်း၊မြို့ဦးရပ်၊ မကွေးမြို့။	တိုင်းဒေသကြီးရုံး (မကွေး)
၁၉	၁၀ယ/၈၈၃၄၃	ဟွန်ဒါဝေဗ့်	ဆိုင်ကယ်	ဦးသိန်းဝင်း	၈/မကန(နိုင်)၀၂၃၀၇၁	ဗိုလ်ချုပ်လမ်း၊ ပွဲကြိုရပ်၊ မကွေးမြို့။	တိုင်းဒေသကြီးရုံး (မကွေး)
၂၀	၉ယ/၂၃၄၀	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဒေါ်ရီရီအေး	၆/သရခ(နိုင်)၀၁၃၆၅၉	ကျွဲဇပ်ရွာ၊ ဆဇကံချောင်။	တိုင်းဒေသကြီးရုံး (ထားဝယ်)

သားအဖြစ်မှစွန့်လွှတ်ကြောင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ကျော်ငြိမ်းလွင်(ခ)ကျော်ကျော်(ခ)ဗိုလ်ဝါး ၁၂/တမန(နိုင်)၁၀၇၀၆၃ သည် မိဘ၏ဆုံးမမှုအား မနာခံ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်း။

ဖခင်-ဦးအေးမြင့်
၁၂/တမန(နိုင်)၀၄၅၁၈၅
မိခင်-ဒေါ်အေးအေးသန့်
၁၂/တမန(နိုင်)၀၄၅၁၆၆

စာအုပ်စာပေလှူဒါန်းမှတ်ဆွေ

မြို့နယ်သတင်း ထွေတလာ

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က သံဃာရာမလမ်း၌ အုတ်ရေမြောင်းဆောက်လုပ်ခြင်းကို ဇူလိုင် ၁၅ ရက်က မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဇီးကုန်း၌ ဟောပြော

ဇီးကုန်း ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉နာရီက မြို့နယ် အထကကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း ဟောပြောဆွေးနွေးသည်။ ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကို ရဲအုပ်အေးကိုက ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်များ မြေချစိုက်ပျိုး

ဇဗန်းမော် ဇူလိုင် ၂၇

ဇဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်း ဗိုလ်ချုပ်လမ်း၊ ဦးကြီးထိန်နန်လမ်း၊ လက်ဝဲသုန္ဒရလမ်း၊ ရုံးကြီးလမ်း၊ လမ်းဘေးဝဲယာတစ်လျှောက် စက္ကူခရာဝါ၊ ပန်းအိ၊ နွယ်သာကီပန်းအလှပင်များကို ဇူလိုင် ၁၈ ရက်က အဖွဲ့ဝန်ထမ်းများဖြင့် စိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

ဖခင်ကြီး ဦးလှငွေ တစ်နှစ်ပြည့်နှင့် မိခင်ကြီး ဒေါ်ထွေးရီ၊ သားကိုကျော်ကျော်တို့အား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၄၄) ၄လမ်းနေ သားသမီး၊ မြေးမြစ်သားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးကုသဆောင်အတွက် ငွေကျပ်သုံးသိန်းကို ဘိုးဘွားရိပ်သာ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၀၀၉)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပညာတတ်လူ့အဖွဲ့အစည်းရှိမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ထူထောင်နိုင်မည်
နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်း ပေါ်ပေါက်လာရေး ဝိုင်းဝန်းကြိုးပမ်း

ကြည့်ရှုအားပေး

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း မန္တလေး တက္ကသိုလ် ပင်မစာသင်ဆောင်၌ ခင်းကျင်းပြသထားသည့် တက္ကသိုလ်ရှိ သုတေသန လုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီတွင် မန္တလေး တက္ကသိုလ်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက္ကသိုလ်ပင်မစာသင်ဆောင်ရှိ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်ဆွေမြင့်က တက္ကသိုလ်သမိုင်း၊ ဧရိယာအကျယ်အဝန်း၊ ကျောင်းသားဦးရေ၊ သင်ကြားလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ဝန်ထမ်းအင်အား၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သုတေသနဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပမှုတို့ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

မြစ်ရေကြီးမှု သတိပေးချက်

နေပြည်တော် ဇူလိုင် ၂၇

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့၌ ၁၃၀၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻